အခန်း (၆)
အပြည်ပြည်ဆိုင်ရာဥပဒေအပေါ် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်းများ - မည်သည့်နည်းလမ်းများရှိသလဲနှင့် မည်သည့် အတွက်ကြောင့် အသုံးပြုသလဲ?*

[**အ**]နက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် နည်းစနစ်ပိုင်းဆိုင်ရာ ကိရိယာမျှသာမက နိုင်ငံရေးအရ အရေးကြီးဆုံး ကိစ္စရပ်တစ်ခုလည်း ဖြစ်သည်။ မည့်သည့်နိုင်ငံမဆို (သို့မဟုတ် အဆိုပါအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုင်ရာ ကိစ္စရပ်အတွက် ဆောင်ရွက်သူ မည်သူမဆို) မှားယွင်းသည့် အပြည်ပြည်ဆိုင်ရာလုပ်ဆောင်မှုဖြင့် စွပ်စွဲခံရခြင်း သို့မဟုတ် ၎င်း၏ ကတိကဝတ်များအပေါ် သစ္စာစောင့်သိနေကြောင်း အသိအမှတ်ပြုခံရခြင်းတို့သည် မည်သည့်အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းကို အသုံးပြုသလဲဆိုသည့်အပေါ်သာ နောက်ဆုံး မူတည်ပေလိမ့်မည်။[၁၁၇]

၁။ နိဒါန်း

အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်းများသည် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအလေ့အကျင့်များကို လမ်းညွှန်ပြသပေးသည်သာမက အဆိုပါ ဥပဒေအလေ့အကျင့်များကို လက်ခံလိုက်နာရန် တရားသူကြီးများအတွက် အကြောင်းပြချက်ကောင်းများအကြောင်းကို အခန်း (၅) (*supra*) တွင် အသားပေးဖော်ပြထားသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် သီးသန့်နည်းလမ်းများနှင့် အဆိုပါနည်းလမ်းများကို အသုံးပြုသည့် အကြောင်းရင်းများကိုလည်း တသီးတသန့် မဆန်းစစ်ခဲ့ပါ။

ယခုအခန်းတွင် အဆိုပါအနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် သီးသန့်နည်းလမ်းများနှင့် အသုံးပြုသည့် အကြောင်းရင်းများဆိုင်ရာ ကိစ္စရပ်များကို အသားပေးဖော်ပြထားသည်။ အဆိုပါကိစ္စရပ်များနှင့်ဆိုင်သည့် မေးခွန်းများကို အထူးဂရုပြုထားရခြင်းမှာ တရားရုံးအပါအဝင် နိုင်ငံများအနေဖြင့် ဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် မည်သည့်နည်းလမ်းများကို အသုံးပြုသလဲဆိုသည်ကို သိသင့်သည်အတွက်ကြောင့် ဖြစ်သည်။ ထို့အပြင် နိုင်ငံများနှင့် အာဏာပိုင်များသည် မည့်သည့် စံနှုန်းများဖြင့် တာဝန်ယူမှုတာဝန်ခံမှုရှိသင့် ကြောင်း ဥပဒေဆုံးဖြတ်ချက်များကြောင့် အကျိုးသက်ရောက်မှုရှိသူများက သိသင့်သည့်အတွက်ကြောင့်လည်း အဆိုပါမေးခွန်းများကို အထူးဂရုပြုရခြင်း ဖြစ်သည်။ ထို့အပြင် နည်းလမ်းတစ်ခုချင်းနှင့် တစ်ခုချင်းစီ၏ အရေးပါမှု၊ ၎င်းနည်းလမ်းများအကြား ဆက်စပ်မှုများကိုလည်း နားလည်သဘောပေါက်ရန် အထူးလိုအပ်သည်။

နိုင်ငံများသည် ၎င်းတို့၏ နိုင်ငံတကာတာဝန်ဝတ္တရားများကို လိုက်နာစောင့်ထိန်းရန်အတွက် အသုံးပြုသင့်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းများအား ယခုအခန်းတွင် အခိုင်အမာဆိုထားသည်။ အဆိုပါနည်းလမ်းများတွင် စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု (textual interpretation)၊ နည်းစနစ်တကျ အနက်အဓိပ္ပာယ် ဖွင့်ဆိုမှု (systematic interpretation)၊ ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု (teleological interpretation) နှင့် သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုတို့ (historical interpretation) ပါဝင်သည်။ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို အသေးအဖွဲ့နှင့် အငြင်းပွားစရာ မလိုသော အချက်အနေဖြင့် ပညာရှင်များနှင့် တရားရုံးများက စွန့်ပယ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်း ပြုလေ့ရှိကြသည်။ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု

---

* သာသာပြန် - သစ်မင်းအိမ်

© Myanmar Translation Right – HRER Programme

[၁၁၇] Klabbers, 'International Legal Histories: The Declining Importance of Travaux Préparatoires in Treaty Interpretation?' (n ၉၉၄) ၂၇၄.

နည်းလမ်းများကို လျစ်လျူရှုခြင်းသည် တရားစီရေး၏ ကျိုးကြောင်းဆီလျော်မှုဆိုင်ရာ ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ ရှင်းလင်းခြင်းနှင့် တသမတ်တည်းရှိခြင်းသာမက တရားဝင်ဖြစ်ခြင်းကိုပါ ပျက်စီးစေပါသည်။

ယခုအခန်းတွင် စာရေးသူ၏ ရည်မှန်းချက်ပန်းတိုင်သည် နှစ်ပိုင်းရှိသည်။ ပထမရည်မှန်းချက်အနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အသုံးပြုရမည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများကို ရှာဖွေဖော်ထုတ်ခြင်းဖြစ်သည်။ အဆိုပါနည်းလမ်းများကို အပြည်ပြည်ဆိုင်ရာဥပဒအရင်းအမြစ်အားလုံးတွင် အသုံးချကြောင်းကို စာရေးသူက အကျိုးအကြောင်းဖြင့် တင်ပြသည်။ ဒုတိယရည်မှန်းချက်အနေဖြင့် အဆိုပါ နည်းလမ်းများကို မည်သည့်အတွက်ကြောင့် အသုံးပြုရခြင်း ဖြစ်ကြောင်း ကောင်းမွန်စွာ အကျိုးသင့်အကြောင်းသင့် ရှင်းလင်း တင်ပြခြင်းပင် ဖြစ်သည်။[၁၁၇၈] လက်တွေ့ဆောင်ရွက်နေသည့် အမှုပင်ဖြစ်လင့်ကစား အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်းများကို လျစ်လျူမရှုသင့်ပေ။

နည်းလမ်းတစ်ခုကို အခြားနည်းလမ်းများထက် ပို၍ ဦးစားပေးသင့်ကြောင်းကိုမူ စာရေးသူက ဆွေးနွေးမည်မဟုတ်ပါ (ဆိုလိုသည်မှာ စံအဖြစ်သီးသန့်သတ်မှတ်ထားသော အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု သီအိုရီအပေါ် ကျိုးကြောင်းညီညွတ်ခိုင်လုံမှုကို ဆွေးနွေးခြင်း၊ *supra* ၊ အခန်း ၂၊ ၅.၁)။ “တိုက်ကြက်ကောင်းမှန်လျှင် ခွပ်ရာမကင်း” (“ကျွမ်းကျင်လိမ္မာသည့် ရှောင်တိမ်းမှု”သည် “ဒဏ်ရာဒဏ်ချက်များ”က ဖြစ်ပေါ်လာသည်) ဟူသည်ကို နှလုံးသွင်းရင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု စည်းမျဉ်းတိုင်းသည် အခြား ဆန့်ကျင်ဘက်တစ်ခုဖြင့် တန်ပြန်တုံ့ပြန်နိုင်သည်ကို Karl Llewellyn က သက်သေပြပါသည်။[၁၁၇၉] နည်းလမ်းများသည် ကွဲပြားခြားနားသော ဦးတည်ချက်လမ်းကြောင်းများကို ညွှန်ပြ၍ အဆိုပါ ဦးတည်ချက်လမ်းကြောင်းများသည် အထူးအလေးအနက်ထားရန် ထိုက်တန်ကြောင်း စာရေးသူက အခိုင်အမာဆိုထားသည်။ ဤနည်းဖြင့် ဆောင်ရွက်ခြင်းဖြင့် စာရေးသူ၏ ကြိုးစားအားထုတ်မှုသည် အပြည်ပြည်ဆိုင်ရာဥပဒေ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် သက်ဆိုင်သည့် ပြည့်ပြည့်စုံစုံ ဖော်ထုတ်ထားသော သီအိုရီတစ်ခုကို အကြံပြုထားသည့် အခြားပညာရှင်များ၏ အားထုတ်မှုနှင့် ကွဲပြားခြားနားပါသည်။[၁၁၈၀]

၂။ အပြည်ပြည်ဆိုင်ရာဥပဒေ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများ

အပြည်ပြည်ဆိုင်ရာဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လိုအပ်သည့် နည်းလမ်းများကို ပိုမို နားလည်နိုင်ရေးအတွက် ပြည်တွင်းဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုမှ ရရှိသည့် သိမြင်နားလည်သဘောပေါက်မှုအပေါ် မှီတည်ရမည် ဖြစ်သည်။ ၎င်းယူဆချက်နှင့် ဆန့်ကျင်လျက် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအား အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများ တွင် တူညီသည့် လက္ခဏာများရှိကြသည် (*supra* ၊ အခန်း ၅၊ ၃.၃)။ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအကြား ကွဲပြားခြားနားချက်မှာ ၎င်းတို့၏ ဥပဒပြုရေးလုပ်ငန်းစဉ်များရှိ အင်္ဂါရုပ်အချို့ပင်

[၁၁၇၈] အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုနည်းလမ်းများကို အသုံးပြုခြင်းဖြင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းရာတွင် ထည့်သွင်းစဉ်းစားထားသည့် အရာများအားလုံးကို တရားဝင်ဖြစ်စေမည်လားဆိုသည့်အပေါ် စာရေးသူက လေ့လာဆန်းစစ်လိမ့်မည် မဟုတ်ပါ။ ပြီးခဲ့သည့် အခန်းတွင် ဖော်ပြ ထားသကဲ့သို့ ယခုမေးခွန်းသည် စာရေးသူ၏ လေ့လာမှုနယ်ပယ်ထက် ကျော်လွန်နေပါသည် (supra ၊ နိဒါန်း၊ အခန်း ၃)။ သို့သော် ယခုအခန်းတွင် စာရေးသူ၏ အဆိုအချို့က တရားဝင်ဖြစ်မှု သီအိုရီနှင့် သက်ဆိုင်သောအကြောင်းအရာများကို အမှန်ပင် ဖော်ပြပေး သွားမည်ဖြစ်သည်။

[၁၁၇၉] Llewellyn (n ၁၁၃၈). Sean D. Murphy has transposed Llewellyn’s theory to international law: Murphy (n ၁၆၃) ၁၆ f.

[၁၁၈၀] One example is the theory developed by Letsas (n ၇၉).

ဖြစ်သည်။[၁၁၈၁] အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများ၏ အခြေခံဝိသေသလက္ခဏာများသည် အတူတူပင် ဖြစ်သော်လည်း အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် သက်ဆိုင်ရာနည်းလမ်းအလိုက် ကွဲပြားခြားနားမှုများ ရှိနိုင်ပါသည်။[၁၁၈၂]

အပြည်ပြည်ဆိုင်ရာဥပဒေ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို ရှာဖွေရန်အတွက် သဘောတူစာချုပ်များဥပဒေဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) နှင့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးထမံး ဥပဒေ (CIL) ကို သတ်မှတ်ရာတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေ ကော်မရှင် (ILC) ၏ သုံးသပ်ချက်မူကြမ်းတို့ကို ဆွေးနွေးထားသည်။[၁၁၈၃] အပြည်ပြည်ဆိုင်ရာ ဥပဒေ ကော်မရှင် (ILC) ၏ လုပ်ပိုင်ခွင့်သည် ဥပဒေများကို စနစ်တကျ စုစည်းခြင်းတွင်သာမက အပြည်ပြည်ဆိုင်ရာဥပဒေ၏ 'တဆင့်ချင်း ဖွံ့ဖြိုးတိုးတက်မှု' တွင်လည်း ပါဝင်ကြောင်းကို တစ်စုံတစ်ဦးက စောဒက တက်နိုင်ပါသည်။[၁၁၈၄] သဘောတူစာချုပ်များဥပဒေဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) ပါ ဓလေ့ထုံးတမံး သတ်မှတ်ချက်သည် အငြင်းပွားဖွယ်ဖြစ်သည်ဟု တစ်စုံတစ်ယောက်ကလည်း အခိုင်အမာပြောဆိုနိုင်သည်။ ထို့ကြောင့် အဆိုပါ သဘောတူစာချုပ် နှစ်ခုသည် ဓလေ့ထုံးတမံးဆိုင်ရာ နည်းလမ်းများကို မထင်ဟပ်စေသကဲ့သို့ အသုံးဝင်သော အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု လမ်းညွှန်အဖြစ်လည်း အသုံးမပြုနိုင်ပါ။ သို့သော် အဆိုပါ စာချုပ်နှစ်ခုအပေါ် မှီတည်နေရသည့် အကြောင်းပြချက်ကောင်း ရှိကြောင်းကို စာရေးသူက တင်ပြထားသည်။

ပထမအကြောင်းပြချက်အနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းများအား ခွဲခြမ်းစိတ်ဖြာရာတွင် စတင်လုပ်ဆောင်နိုင်သည့် အထင်ကရ စမှတ်တစ်ခုအဖြစ် စာချုပ် နှစ်ခုစလုံးကို မှတ်ယူကြသည်။ သဘောတူစာချုပ်များဥပဒေဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) ပါ ဓလေ့ထုံးတမံး သတ်မှတ်ချက်သည် ကွန်ဗင်းရှင်းအတည်ပြုစဉ်ချိန်က အမှန်ပင် အငြင်းပွားဖွယ်ဖြစ်ခဲ့သော်လည်း[၁၁၈၅] အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) က အဆိုပါ ဓလေ့ထုံးတမံး သတ်မှတ်ချက်ကို တဖြည်းဖြည်းချင်း အတည်ပြုခဲ့သည်။[၁၁၈၆] သဘောတူစာချုပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် 'အပြည်ပြည်ဆိုင်ရာဥပဒေရှိ စိတ်ရှုပ်စရာအကောင်းဆုံးဘာသာရပ်များအကြားက တစ်ခုပင်ဖြစ်သည်'ဟု ၁၉၃၀ ပြည့်လွန်နှစ် အစောပိုင်းကာလများတွင် ပညာရှင်များက သုံးသပ်ခဲ့ကြသည်။[၁၁၈၇] သို့သော် သဘောတူစာချုပ်များဥပဒေဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) ပါ စာသားများကို မူကြမ်းပြုစုစဉ်က စံနမူနာပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှု သီအိုရီများ (normative interpretative theories) အပါအဝင် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်းများကို အလေးပေးမှုအပေါ် သဘောမတူသည့် နိုင်ငံများက ကွန်ဗင်းရှင်း မူကြမ်းပါ သင့်လျော်သည့် ပြဋ္ဌာန်းချက်များကိုသာ သဘောထားမှတ်ချက် အနည်းငယ် ပေးခဲ့ကြသည် (*supra* ၊ အခန်း ၂၊ ၅.၁)။[၁၁၈၈] မငြင်းနိုင်သည်မှာ သဘောတူစာချုပ်များဥပဒေဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) ၏ အပိုဒ် (၃၁) (စ) သည် ၎င်းအချိန်က သန္ဓေတည်စဖြစ်သည့် သဘောတူစာချုပ် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုင်ရာ ဓလေ့ထုံးတမံးဥပဒေ ပေါ်ပေါက်ရေးကို တွန်းအားပေးခဲ့သည်။[၁၁၈၉] လွန်ခဲ့သည့် ဆယ်စုနှစ် အနည်းဆုံး ၃ ခုနှင့် ယနေ့ခေတ်တွင် အဖွဲ့ဝင်နိုင်ငံ

[၁၁၈၁] ဥပမာ အပြည်ပြည်ဆိုင်ရာ ဥပဒေပြုမှုသည် နိုင်ငံ နှစ်နိုင်ငံ အနည်းဆုံးပါဝင်ရန် လိုအပ်သည်။

[၁၁၈၂] ဥပမာ သဘောတူစာချုပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် အကျဉ်းဝင်သည့် ကျယ်ပြန့်သောအနက်အဓိပ္ပာယ် ဖွင့်ဆိုမှုများ အနက် အခြားနိုင်ငံတကာ ဥပဒေဆိုင်ရာ အက်ဥပဒေများနှင့် သဘောတူစာချုပ်အဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များ ပါဝင်သည်။ သဘောတူစာချုပ်များဥပဒေဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) ဥပဒေပုဒ်မ ၃၁ (၃) (ခ) နှင့် (ဂ)။

[၁၁၈၃] အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC) ၏ "အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမံးဥပဒေ သတ်မှတ်ရာမှုအပေါ် သုံးသပ်ချက်မူကြမ်းနှင့် ရှင်းလင်းချက်မှတ်စုများ" (စာညွှန်းအမှတ် ၈၉၁)။

[၁၁၈၄] အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC) ပြဋ္ဌာန်းဥပဒေ၏ ပုဒ်မ ၁ (၁)။

[၁၁၈၅] Gardiner (n 359) 76. See also Yves Le Bouthillier, 'Article 32' in Olivier Corten and Pierre Klein (eds), The Vienna Conventions on the Law of Treaties: A Commentary, Vol I (Oxford University Press 2011) 843 f.

[၁၁၈၆] Gardiner (n 359) 13 ff.

[၁၁၈၇] Yi-Ting Chang, *The Interpretation of Treaties by Judicial Tribunals* (Columbia University Press 1933) 19, cited by 'Article 19. Interpretation of Treaties' (n 121) 939.

[၁၁၈၈] Sorel and Boré-Eveno (n 1044) 815 f.

[၁၁၈၉] See ibid 806. See also ibid 810 f.

အများစု[၁၁၉၀]၊ ပြည်တွင်းန၊ ICJ အပါအဝင် အပြည်ပြည်ဆိုင်ရာ တရားရုံးများနှင့် နိုင်ငံတကာ ရှေ့နေများသည် သဘောတူ စာချုပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဓလေ့ထုံးတမ်းဆိုင်ရာနည်းလမ်းအဖြစ် သဘောတူစာချုပ်များ ဥပဒေဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) ကို ဆင်ခြင်သုံးသပ် မှတ်ယူကြသည်။[၁၁၉၁]

၂၀၁၈ ခုနှစ်တွင် အပြီးသတ်ရေးဆွဲခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (CIL) သတ်မှတ်ချက် အပေါ် အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC) ၏ သုံးသပ်ချက်မူကြမ်းများကို ဓလေ့ထုံးတမ်းဆိုင်ရာ နည်းလမ်းများအတွက် ယုံကြည်စိတ်ချရသော ထင်ဟပ်မှုအဖြစ် စဉ်းစားရန် စောလွန်းနေသေးကြောင်း တစ်စုံ တစ်ဦးက အငြင်းပွားနိုင်သည်။ အပြည်ပြည်ဆိုင်ရာ တရားရုံးနှင့် အခြား နိုင်ငံတကာတရားရုံးများ၏ ဆောင်ရွက်ချက် များမှ အဓိကထား ကောက်နှုတ်ထားခြင်းကြောင့် သုံးသပ်ချက်မူကြမ်းများသည် ဆန်းစစ်ဝေဖန်ခံရနိုင်သည်။ ထို့အပြင် အဆိုပါ သုံးသပ်ချက်မူကြမ်းများကို အချို့ပညာရှင်များက ထိရောက်မှုအနည်းဆုံး (minimalistic) အဖြစ် မှတ်ယူကြပြီး လက်တွေ့စဉ်းစားမှုများမှ ဖယ်ထုတ်ခဲ့ကြသည်။[၁၁၉၂] သို့သော် သုံးသပ်ချက်မူကြမ်းများကို စမှတ်အဖြစ် မှီတည်ရခြင်း၏ ကောင်းသော အကြောင်းရင်းများစွာ ရှိပါသည်။ ၎င်းတို့မှာ အဖွဲ့ဝင်နိုင်ငံအချို့မှ အခြေခံကျကျ ဆန်းစစ်ဝေဖန်မှုနှင့် မကြုံတွေ့ရခြင်း [၁၁၉၃]၊ အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC) သည် အဖွဲ့ဝင်နိုင်ငံများ၏ ကျင့်သုံးပုံများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းရန် အားထုတ်ခြင်း[၁၁၉၄]တို့ ကြောင့်ဖြစ်သည်။ ထို့အပြင် အဆိုပါ သုံးသပ်ချက် မူကြမ်းများသည် အားလုံးပါဝင်သည့် ပြည်သူ့ရေးရာ နိုင်ငံတကာ ဖိုရမ်တွင် အသေးစိတ်ဖော်ပြရှင်းလင်းထားသည့် ဓလေ့ထုံးတမ်းဥပဒေကို သတ်မှတ်ဖော်ထုတ်သည့် နည်းလမ်းများ ဆိုင်ရာ လက်တလော ထုတ်ပြန်ကြေညာချက်လည်း ဖြစ်သည်။

အဆိုပါ အရင်းအမြစ် နှစ်ခုအပေါ် မှီတည်ရခြင်း၏ ဒုတိယအကြောင်းရင်းမှာ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေ (CIL) နှင့် သဘောတူစာချုပ်ဆိုင်ရာ ဥပဒေပါ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများအတိုင်း အဖွဲ့ဝင်နိုင်ငံများ၏ ကျင့်သုံးပုံနှင့် ဥပဒေရေးရာအမြင် (*opinio juris*) တို့ကို လေ့လာစုံစမ်းနိုင်ခြင်းဖြစ်ပြီး ယေဘုယျသဘောတရားများစုစည်းခြင်းသည် အလွန်အချိန်ယူရပြီး ပင်ပန်းခက်ခဲသော အလုပ်ဖြစ်သည့်အတွက် ယခုလေ့လာမှု နယ်ပယ်တွင် ထည့်သွင်းထားခြင်းမရှိပါ။ သဘောတူစာချုပ်များဥပဒေဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) နှင့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးထမ်း ဥပဒေ (CIL) ကို သတ်မှတ်ရာတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေ ကော်မရှင် (ILC) ၏ သုံးသပ်ချက်မူကြမ်းအရင်းအမြစ် နှစ်ခုအပြင် ၎င်းတို့ကို မူကြမ်းရေးဆွဲရာတွင် ပါဝင်ခဲ့ကြသည့် အဖွဲ့ဝင်နိုင်ငံများ၏ သဘောထားမှတ်ချက်များကိုလည်း (အင်္ဂလိပ် သို့မဟုတ် ပြင်သစ်ဘာသာဖြင့် မရရှိနိုင်သည့်

[၁၁၉၀] ဆန့်ကျင်ဘက်အားဖြင့် ဥရောပသမဂ္ဂတရားရုံးသည် သဘောတူစာချုပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဓလေ့ထုံးတမ်း ဆိုင်ရာနည်းလမ်းအဖြစ် သဘောတူစာချုပ်များဥပဒေဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) ကို မှတ်ယူရန် ပိုမို တုံ့ဆိုင်းလျက် ရှိသည်။ Sorel နှင့် Boré-Eveno (စာညွှန်းအမှတ် ၁၀၄၄) ၈၂၂ တွင် ကြည့်ပါ။

[၁၁၉၁] Gardiner 146 ff; Jean d'Aspremont, 'The Systemic Integration of International Law by Domestic Courts: Domestic Judges as Architects of the Consistency of the International Legal Order' in Ole Kristian Fauchald and André Nollkaemper (eds), *The Practice of International and National Courts and the (De-)Fragmentation of International Law* (Hart Publishing 2012) 151. See also the references to the ICJ's case law on art. 31 VCLT in Petersen (n 73) n 53. Some scholars press for a redrafting of the VCLT's interpretative provisions: Chang-fa Lo, *Treaty Interpretation Under the Vienna Convention on the Law of Treaties: A New Round of Codification* (Springer 2017).

[၁၁၉၂] Stefan Talmon, 'Determining Customary International Law: The ICJ's Methodology and the Idyllic World of the ILC' (*EJIL: Talk!*, 2015) <www.ejiltalk.org/determining-customary-international-law-the-icjs-methodology-and-the-idyllic-world-of-the-ilc>.

[၁၁၉၃] အစိုးရများမှ ပေးပို့သည့် သဘောထားမှတ်ချက်များကို ကြည့်ပါ <legal.un.org/ ilc/ guide/ 1_ 13.shtml>. Noora Arajärvi က ညွှန်ပြထားသကဲ့သို့ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အစိုးရများက တင်သွင်းသည့် သဘောထား ထုတ်ပြန်ချက်များကို လည်း ရရှိနိုင်သည် <papersmart.unmeetings.org>: Arajärvi (n 37) 19, footnote 49. See however the forceful critique of BS Chimni, 'Customary International Law: A Third World Perspective' (2018) 112 American Journal of International Law 1

[၁၁၉၄] ILC, 'Report of the International Law Commission, Sixty-Fourth Session (7 May–1 June and 2 July–3 August 2012)' (2012) UN Doc a/67/10 8. The document forming the basis for Switzerland's submission is Besson and Ammann (n 60).

စာအုပ်စာတမ်းများမှ အပ) ထည့်သွင်းထားသည်။[၁၁၉၅] ထို့အပြင် အာရှ-အာဖရိကက ဥပဒေအကြံပေး အဖွဲ့အစည်း (AALCO) ကဲ့သို့ ဒေသဆိုင်ရာ နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ပေးပို့သည့် သဘောထားမှတ်ချက်များလည်း ပါဝင်သည်။[၁၁၉၆] သဘောတူစာချုပ်ဆိုင်ရာ ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုမှု နည်းလမ်းများကို ရှင်းလင်းတင်ပြရာတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC) အပြင် အခြား အဖွဲ့အစည်းများ၏ အားထုတ်ကြိုးပမ်းမှုများ[၁၁၉၇]နှင့် နိုင်ငံတကာ ဥပဒေပညာရပ်များအပေါ်လည်း စာရေးသူက အခြေပြု လေ့လာပါသည်။ မဖြစ်မနေ အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းများအတွက် စံနှုန်းများသည် ဓလေ့ထုံးတမ်းဆိုင်ရာ စံနှုန်းများဖြစ်သည့်အတွက် အဆိုပါ အရင်းအမြစ်များအပေါ် အမှီပြုလေ့လာပါက အဖွဲ့ဝင် နိုင်ငံများ၏ ကျင့်သုံးပုံ နှင့် ဥပဒေရေးရာအမြင်ဖော်ထုတ်ချက်အပေါ် ဦးတည်လေ့လာရန် လိုအပ်သည်။ အဖွဲ့ဝင်နိုင်ငံ များ၏ ကျင့်သုံးပုံ နှင့် ဥပဒေရေးရာအမြင်သဘောထားအပေါ် ဘက်ပေါင်းစုံမှ စစ်တမ်းကောက်ယူမှုကို မည်သည့် နည်းလမ်းကမှ အစားမထိုးနိုင်ကြောင်း ဝန်ခံရန် အရေးကြီးပါသည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC) ၏ အလုပ်နှင့် သဘောတူစာချုပ်များဥပဒေဆိုင်ရာ ဗီယင်နာ ကွန်ဗင်းရှင်း (VCLT) တို့မှ စာရေးသူက စတင်ထားသော်လည်း အဆိုပါ စာချုပ်စာတမ်းများက သတ်မှတ်ထားသည့် နည်းလမ်းများအား အာမခံချက် မပေးထားပေ။[၁၁၉၈] အကြောင်းရင်းမှာ နိုင်ငံအများစုနှင့် အခြားပါဝင် ဆောင်ရွက်သူ များက ဓလေ့ထုံးတမ်းအဖြစ် ယူဆထားသည့် နည်းလမ်းသည် ၎င်း၏ ဓလေ့ထုံးတမ်းဆိုင်ရာ အဆင့်အတန်းကို သက်သေမပြနိုင်ခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် အဆိုပါ စာချုပ်စာတမ်း နှစ်ခုစလုံးကို ပညာရပ်နယ်ပယ်ရှိ ဖြစ်ရပ်အခြေပြုလေ့လာမှုနှင့် ဆန့်ကျင်ဘက် နည်းစနစ်တကျ လေ့လာဆန်းစစ်မှုဖြင့် ချည်းကပ်သင့်သည်။ အဆိုပါ

[၁၁၉၅] အဆိုပါ သဘောထားမှတ်ချက်များကို အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC) မှ ပြုစုသည့် သဘောတူစာချုပ်များဆိုင်ရာ ဥပဒေ လေ့လာဆန်းစစ်သုံးသပ်မှု လမ်းညွှန်စာအုပ်တွင် ထည့်သွင်းထားသည်။ ('အစိုးရများ၏ သဘောထားမှတ်ချက်များ', <legal.un.org/ilc/guide/1_1.shtml>, အထူးသဖြင့် <legal.un.org/docs/?path=../ilc/documentation/ english/a_cn4_ 182. pdf&lang=EF>) နှင့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ လေ့လာဖော်ထုတ်ခြင်း ('အစိုးရများ၏ သဘောထားမှတ်ချက်များ', <legal.un.org/ilc/guide/1_13.shtml>).

[၁၁၉၆] Sienho (n 960); Sufian Jusoh, 'A Dialogue Between un and aalco Experts on Identification of Customary International Law' (2016) 15 Chinese Journal of International Law 1.

[၁၁၉၇] On the law of treaties, see Institut de droit international, 'Interprétation des traités' (1956) <www.idi-iil.org/idiF/resolutionsF/1956_grena_02_fr.pdf>; 'Harvard Draft Convention on the Law of Treaties' (1935) 29 American Journal of International Law 657. On CIL, see ILA Committee on Formation of Customary (General) International Law (n 886).

[၁၁၉၈] သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) ၏ ပုဒ်မ (၃၁) (၈) နှင့် ပတ်သက်၍ အနိမ့်ဆုံးအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရပ်မှ ဆောင်ရွက်မည့် လုပ်ငန်းအများစုပင် ဖြစ်သည်။ ဓလေ့ထုံးစံများကို မယုံကြည်သူ တစ်ယောက်အတွက် d'Aspremont ရေးသားထားသည့် 'အပြည်ပြည်ဆိုင်ရာတရားရုံး၊ ဝေလပြည်နယ်၊ အရင်းအမြစ်များနှင့် အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုအကြား ကွဲပြားမှုများကို ဝေဝါခြင်း' ကို ကြည့်ပါ (n 224) 1030။ Klabbers ၏ 'ကောင်းမြတ်သော အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု' ကိုလည်း ကြည့်ပါ (n 93) ။ Klabbers က သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) နည်းလမ်းများသည် ဓလေ့ထုံးတမ်း များမဟုတ်ကြောင်း အကြောင်းရင်း (၃) ရပ်ဖြင့် အကြံပြုသည်။ ပထမ အကြောင်းရင်းမှာ စည်းမျဉ်းသည် အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုကို လွှမ်းမိုးချုပ်ကိုင်ခြင်း မရှိပေ။ အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းများ၏ အရင်းအမြစ်ဆိုင်ရာ မေးခွန်းနှင့် အဆိုပါနည်းလမ်းများက ဖန်တီးသည့် တာဝန်များကိုသာ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုက ပေါင်းစည်းပေးသည်။ ဒုတိယအကြောင်းရင်းမှာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) အတည်ပြုမချမှတ်မီ အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် ချည်းကပ်မှုပေါင်းစုံ ရှိခြင်းကြောင့် ဖြစ်သည်။ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများနှင့် စံနမူနာပြု အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုသီအိုရီများအကြား ကွဲပြားခြားနားမှုကို လျစ်လျူရှုသည့် ဆွေးနွေးငြင်းခုံမှုတစ်ခုလည်း ဖြစ်သည် (*supra*၊ အခန်း ၂၊ ၅.၁)။ တတိယအကြောင်းရင်းမှာ အပြည်ပြည်ဆိုင်ရာဥပဒေကျင့်သုံးမှုတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများ ချိုးဖောက်ခြင်း အတွက် မည်သည့် အရေးယူမှုများ မရှိခြင်းကြောင့် ဖြစ်သည်။ ဥပဒေသည် ၎င်းထဲမှ သွေဖယ်ပြောင်းလဲသွားမှုအပေါ် မည်သို့ ဖြေရှင်းသလဲကို ထည့်သွင်းစဉ်းစားခြင်း မရှိဘဲ အဆိုပါနည်းလမ်းများသည်သာ တာဝန်များကို လိုက်နာရမည့် ဒုတိယ စံနှုန်းများ ဖြစ်သည်။ ထို့အပြင် စံနှုန်း၏ ဓလေ့ထုံးတမ်းဆိုင်ရာ ဝိသေသလက္ခဏာသည် ၎င်းစံနှုန်းအား အရေးယူပိတ်ပင်မှုနှင့် ကိုက်ညီမှုရှိသလားဆိုသည့် အပေါ် မှီတည်ထားခြင်းမရှိပေ။ Klabbers ၏ တတိယမြောက် အကျိုးအကြောင်းသင့် ဆွေးနွေးမှုသည် ၎င်းကိုယ်ပိုင်ထုတ်ပြန်ချက်နှင့် ကွဲလွဲဆန့်ကျင်သည်ဟု ထင်ရသည်။ 'International Legal Histories: The Declining Importance of Travaux Préparatoires in Treaty Interpretation?' (n 994) 274 တွင် ကြည့်ရန်။

နည်းလမ်းများရှိ ဓလေ့ထုံးတမ်းဆိုင်ရာ ဝိသေသလက္ခဏာကို သံသယဖြစ်စေမည့် စိတ်ဝင်စားဖွယ် အကြောင်းရင်း ရှိသလားဟု စာရေးသူက ယခုအခန်းတွင် စုံစမ်းစစ်ဆေးမည်သာမက အဖွဲ့ဝင်နိုင်ငံများကိုလည်း အဆိုပါနည်းလမ်း များ အသုံးပြုရန် လိုအပ်မှုရှိမရှိကိုလည်း စာရေးသူက စုံစမ်းလေ့လာ သွားမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အပိုင်း (၄) ပိုင်းရှိသည်။ ၎င်းတို့မှာ စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု (textual) (၂.၁)၊ နည်းစနစ်တကျ အနက်အဓိပ္ပာယ် ဖွင့်ဆိုမှု (systematic) သို့မဟုတ် အကြောင်းအရာအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု (contextual) (၂.၂)၊ ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ် ဖွင့်ဆိုမှု (purposive or teleological) (၂.၃) နှင့် သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုတို့ (historical) (၂.၄) တို့ဖြစ်သည်။[၁၁၉၉] ၎င်းနည်းလမ်းများသည် Friedrich Karl von Savigny က သတ်မှတ်ဖော်ထုတ်ထားသည့် ပြဋ္ဌာန်းဥပဒေအရ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်း (၄) ခုတို့နှင့် ထပ်တူကျပါသည်။ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်းများအပေါ် နိုင်ငံများ (အထူးသဖြင့် အင်္ဂလိပ်ရိုးရာဥပဒေနှင့် ဥရောပဥပဒေ စနစ်ကျင့်သုံးသည့် တရားစီရင်ပိုင်ခွင့်နယ်မြေများအကြား) က ခေါ်ဝေါ်သည့် အသုံးအနှုန်း မတူညီကြသော်လည်း Savigny ၏ နည်းလမ်းများကို ပြည်တွင်း နည်းစနစ်တိုင်းတွင် ရှာဖွေတွေ့ရှိနိုင်သည်ဟု ပညာရှင်များက သတိပြုမိ ကြသည်။[၁၂၀၀] ဤအခန်း၏ နောက်ဆုံးအပိုင်းတွင် နည်းလမ်း (၄) ခုအကြား ဆက်စပ်မှုကို စာရေးသူက လေ့လာ ဆန်းစစ်ထားသည်။

ပညာရပ်နယ်ပယ်ခေတ်ရေစီးကြောင်းတွင် သဘောမတူကြသော်လည်း အရေးကြီးအဆိုတစ်ခုကို ဤအခန်း တွင် စာရေးသူက တင်ပြသည်။ ရှေ့တွင်တင်ပြခဲ့သည့် နည်းလမ်း (၄) ခုသည် သဘောတူစာချုပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်သာမက အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ[၁၂၀၁] နှင့် ယေဘုယျမူသဘောတရားများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်ပါ လွှမ်းမိုးမှုရှိကြောင်း အဆိုပင် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေ ကို လေ့လာဖော်ထုတ်ခြင်း နည်းလမ်းများကို ဆန်းစစ်မှုသည် နိုင်ငံများ၏ ကျင့်သုံးပုံနှင့် ဥပဒေရေးရာအမြင် (*opinio juris*) များအပေါ် အထူးအာရုံစိုက်ထားပါသည်။[၁၂၀၂] ၎င်းအစိတ်အပိုင်းများသည် နည်းလမ်းမဟုတ်သော်လည်း

[၁၁၉၉] See also Schlütter (n 179) 97.

[၁၂၀၀] Larry A DiMatteo and André Janssen, 'Interpretive Methodologies in the Interpretation of the cisg' in Larry A DiMatteo (ed), *International Sales Law: A Global Challenge* (Cambridge University Press 2014) 83. See also Stefan Vogenauer, *Die Auslegung von Gesetzen in England und auf dem Kontinent: eine vergleichende Untersuchung der Rechtsprechung und ihrer historischen Grundlagen* (Mohr Siebeck 2001).

[၁၂၀၁] Merkouris (စာညွှန်းအမှတ် ၁၉၉) နှင့် Merkouris (စာညွှန်းအမှတ် ၂၃၁) ကို ကြည့်ပါ (လက်တွေ့ဥပမာများစွာဖြင့်)။ သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) နည်းလမ်းများကို အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်း ဥပဒေတွင် ထည့်သွင်း အသုံးပြုခြင်းအပေါ် စာရေးသူ၏ ရပ်တည်ချက်သည် ၏ ရပ်တည်ချက်နှင့် အနည်းငယ် ကွဲပြားသည်။ ဓလေ့ထုံးတမ်းကို သေချာအောင် လေ့လာစိစစ်ပြီးသောအခါမှသာ သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (VCLT) နည်းလမ်းများကို အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်း ဥပဒေတွင် အသုံးပြုသင့်ကြောင်းကို Merkouris က အကျိုးအကြောင်းပြ ဆွေးနွေးပါသည်။ (စာညွှန်းအမှတ် ၁၇၉) ၉၀။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၏ *နီဂါရာကွာနိုင်ငံကို ဆန့်ကျင်၍ ဂင်းနိုင်ငံအတွင်း ဆောင်ရွက်နေသည့် စစ်တပ်နှင့် အရံတပ်ဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှုများ (နီဂါရာကွာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု)*၊ အဆိုးအကောင်း၊ အစီရင်ခံစာ ၁၉၈၆၊ ၁၄၊ ပုဒ်မ ၉၅၊ စာပိုဒ် ၁၇၈။ သို့သော် တရားရုံး၏ ထုတ်ပြန်ကြေညာချက်ဖြစ်သည့် သဘောတူစာချုပ်ဆိုင်ရာဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေတို့သည် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် အသုံးချမှုဆိုင်ရာ အချက်များ အပေါ်ကိုးကား၍ ခွဲခြားနိုင်သည်။ ထို့အပြင် ဤစာအုပ်တွင် နားလည်ထားသကဲ့သို့ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုင်ရာ ကွာခြားချက်များအပေါ် ကိုးကားခြင်းထက်စာလျှင် နည်းဥပဒေကို သေသေချာချာ အကောင်အထည်ဖော်ရန်အတွက် အဖွဲ့ အစည်းများ သို့မဟုတ် (တည်ထောင်ပြီး) ယန္တရားများအပေါ် ကိုးကား၍ ခွဲခြားနိုင်သည်။

[၁၂၀၂] အဆိုပါတွေ့ရှိချက်အတွက် Merkouris (စာညွှန်း အမှတ် ၂၃၁) ကို ကြည့်ပါ။ ပြီးခဲ့သော ဥပမာအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC) ၏ 'အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ သတ်မှတ်ရာမှုအပေါ် သုံးသပ်ချက်မူကြမ်းနှင့် ရှင်းလင်းချက် မှတ်စုများ' (စာညွှန်းအမှတ် ၈၉၁) ကို ကြည့်ပါ။ See also Niels Petersen, 'Customary Law Without Custom? Rules, Principles, and the Role of State Practice in International Norm Creation' (2007) 23 American University International Law Review 275; Arajärvi (n 37).

သေချာအောင်လေ့လာစိစစ်ရန် လိုအပ်သည့် ဓလေ့ထုံးတမ်း၏ အစိတ်အပိုင်းများဖြစ်ပြီး ထိုသို့ လေ့လာစိစစ်ရာတွင် သီးသန့်နည်းလမ်းများ အသုံးပြုရန် လိုအပ်သည်။ ယေဘုယျ သဘောတရားများအတွက်လည်း ထိုနည်းလမ်း (၄) ခုကို အသုံးပြုပါသည်။ လက်လှမ်းမီ ရရှိသည့် စီရင်ထုံးများနှင့် ပညာရပ်ဆိုင်ရာရေးသားချက်များက ယေဘုဘျ သဘောတရားများကို သေချာအောင် လေ့လာစိစစ်ရန် ရည်ရွယ်ချက်ဖြင့် ဘုံတူညီမှုအခြေပြု ကျိုးကြောင်းဆင်ခြင်မှု (analogical reasoning)[၁၂၀၃] နှင့် နှိုင်းယှဉ်မှုအခြေပြု ကျိုးကြောင်းဆင်ခြင်မှု (comparative reasoning)[၁၂၀၄] တို့၏ အရေးပါမှုကို မီးမောင်းထိုးပြထားသည်။ သို့သော် အဆိုပါ စီရင်ထုံးများနှင့် ရေးသားချက်များသည် အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုနည်းလမ်းများအကြောင်းကို ပြောကြားမှု နည်းပါးသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ ယေဘုယျ သဘောတရားများနှင့် သက်ဆိုင်သည့် အလေ့အကျင့် အနည်းအကျဉ်းသာရှိသည့်အတွက် အဆိုပါ ကိစ္စရပ်အပေါ် စာရေးသူ၏သဘောထားမှတ်ချက်များကိုလည်း ပညာရပ်ဆိုင်ရာ ရေးသားချက်များမှ ကနဦး ထုတ်နှုတ်သွားမည် ဖြစ်သည်။

လေ့လာဆန်းစစ်မှုသို့ မသွားမီ စဉ်းစားရန်လိုအပ်သည့် အချို့အချက်များ အစဉ်အလိုက် ရှိနေပါသည်။ ပထမအနေဖြင့် ရှေ့တွင်ဖော်ပြထားပြီးဖြစ်သည့် နည်းလမ်း (၄) ခုကို လေ့လာဆန်းစစ်ခြင်းဖြင့် (လက်ရှိ သို့မဟုတ် နောင်ကာလအတွက်) တည်ရှိမည့် အခြား (သို့မဟုတ် ပို၍ တိကျသော) ဓလေ့ထုံးတမ်းဆိုင်ရာ အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းနည်းလမ်းများကို စာရေးသူက ဖယ်ထုတ်ထားမည် မဟုတ်ပါ။ သို့သော် ယခုအခန်းတွင် အသားပေး ဖော်ပြထားသည့် နည်းလမ်း (၄) ခုသည် အထူးအလေးထားမှု ရရှိရန် ထိုက်တန်ပါသည်။ သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် (၃၁) (စ) ပါ နည်းလမ်း (၄) ခုသည် အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် အငြင်းပွားမှု အနည်းဆုံး အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများ ဖြစ်သည်။ ယေဘုယျအားဖြင့် အဆိုပါ သဘောထားတူညီမှုတွင် နည်းလမ်း (၄) ခုကို ဆီလျော်သလို အသုံးပြုခြင်းအပေါ် သဘောမတူညီမှုများအား ဟန့်တားခြင်းမရှိသလို ထိုသို့အသုံးပြုရာတွင် ရှေ့နောက်မညီညွတ်မှုနှင့် အမှားများကိုလည်း တားဆီးခြင်း မရှိပေ။ သို့မဟုတ် အဆိုပါနည်းလမ်းများမှ တစ်ခါတစ်ရံ သွေဖယ်သွားခြင်းအပေါ်ကိုလည်း ဟန့်တားခြင်း မရှိပါ။ အရေးကြီးသည်မှာ နည်းလမ်း (၄) ခုသည် ပို၍ တိကျသော နည်းလမ်းများကို ခြုံငုံမိစေရန် လုံလောက်ပါသည်။ ထို့ကြောင့် အဆိုပါ နည်းလမ်းများကို အကဲဖြတ်ခြင်းဖြင့် ပို၍ တိကျသောနည်းလမ်းများနှင့် သက်ဆိုင်သည့် အတွေးအမြင်များကို ဖြစ်ထွန်းစေပါသည်။

ဘာသာရပ်ဆိုင်ရာအကြောင်းအရာကို အလေးမထားဘဲ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ ဆောင်ရွက်ချက် များအားလုံးအတွက် အသုံးပြုနိုင်မည့် နည်းလမ်းများကဲ့သို့ အနက်အဓိပ္ပာယ် ဖွင့်ဆိုမှု ယေဘုယျနည်းလမ်းများ ရှိသည်ဟူသော ယူဆချက်ကို ကြိုတင်စဉ်းစားရန် ဒုတိယအချက်အနေဖြင့် စာရေးသူက အကျိုးသင့်အကြောင်းသင့် ဆွေးနွေးသည်။ သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ နည်းလမ်းများကဲ့သို့ အနက်အဓိပ္ပာယ် ဖွင့်ဆိုမှု ယေဘုယျနည်းလမ်းများမှ ကွဲထွက်လာသည့် 'အထူးနည်းလမ်းများ' သို့မဟုတ် 'အထူးပြုနည်းလမ်းများ' က လွှမ်းမိုးထားသည့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ လက်ရွေးစင် အရင်းခံစနစ်အချို့နှင့်ပတ်သက်၍ အခြားစာရေးသူ များက ဆွေးနွေးကြသည်။[၁၂၀၅] 'ယေဘုယျ' ဟုခေါ်တွင်သည့် နည်းလမ်းများနှင့် 'အထူး' ဟု ခေါ်တွင်သည့် နည်းလမ်းများ အကြား ကွဲပြားခြားနားမှုသည် ပင်ကိုယ်အားဖြင့် နည်းလမ်း မဟုတ်သော်လည်း ကွဲပြားခြားနားသည့်

[၁၂၀၃] Besson, 'General Principles in International Law: Whose Principles?' (n 935) 36; Jaye Ellis, 'General Principles and Comparative Law' (2011) 22 European Journal of International Law 949, 958 f; Thirlway (n 1156) 97 f; Weiss (n 936) 407 f.

[၁၂၀၄] Besson, 'General Principles in International Law: Whose Principles?' (n 935) 36; Ellis (n 1203) 955 ff; Thirlway (n 1156) 95; Stephan W Schill, 'General Principles of Law and International Investment Law' in Tarcisio Gazzini and Eric De Brabandere (eds), *International Investment Law: The Sources of Rights and Obligations* (Brill/Nijhoff 2012); Weiss (n 936) 407.

[၁၂၀၅] Catherine Brölmann, 'Specialized Rules of Treaty Interpretation: International Organizations' in Duncan Hollis (ed), *The Oxford Guide to Treaties* (Oxford University Press 2012). *Contra* Eirik Bjorge, 'Different Regimes, Different Methods of Interpretation?' in Mads Andenas and Eirik Bjorge (eds), *The Evolutionary Interpretation of Treaties* (Cambridge University Press 2014).

အပြည်ပြည်ဆိုင်ရာဥပဒေစနစ်များတွင် ရရှိနိုင်သည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် ကိရိယာပစ္စည်း ဖြစ်သည်။ ဤအချက်ကို အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေတွင် သာမက[၁၂၀၆] အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျ သဘောတရားများတွင်လည်း ထည့်သွင်းအသုံးပြုပါသည်။

တတိယအချက်အနေဖြင့် အချို့သောခေါင်းစဉ်များကို ဤအခန်းမှ ချန်လှပ်ထားခဲ့သည်။ နိုင်ငံများ၏ တာဝန်ဖြစ်သည့် သဘောတူစာချုပ်များကို 'သဘောရိုးဖြင့်' အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း[၁၂၀၇]ကို စာရေးသူအနေဖြင့် ကိုင်တွယ် မဖြေရှင်းပါ။ ၎င်း'သဘောရိုးဖြင့်' အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း နည်းလမ်းတစ်ခုဖြစ်မည့်အစား တန်ဖိုးအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု (axiological interpretative) သဘောတရားတစ်ခု ဖြစ်သည် (*supra* ၊ အခန်း ၂၊ ၅.၂)။ ဘာသာစကားပေါင်းစုံဖြင့် ရေးသားထားသည့် သဘောတူညီချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း (သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၃) အပေါ်လည်း စာရေးသူက အရေးစိုက်ခြင်း မပြုပေ။ ၎င်းသည် နည်းလမ်းတစ်ခုမဟုတ်ဘဲ စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု (textual interpretation) နှင့် ဆက်စပ်၍ ဖြစ်ပေါ်လာသည့် သီးသန့်အခက်အခဲများကို ဖြေရှင်းရာတွင် အသုံးပြုသည့် စည်းမျဉ်းတစ်ခု ဖြစ်သည်။

၂.၁ စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု (Textual Interpretation)

၂.၁.၁ ပြည်တွင်းဥပဒေ

စာသားအခြေပြု (Textual) သို့မဟုတ် တိုက်ရိုက် (literal) အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ဥပဒေကို သေချာအောင် လေ့လာစိစစ်ရာတွင် စာဖြင့်ရေးသားထားသည့် လုပ်ရပ်များ၏ မူရင်းအဓိပ္ပာယ်ကို အသုံးပြုခြင်း ဖြစ်သည်။ ပြည်တွင်းဥပဒေသီအိုရီက ဤနည်းလမ်းအကြောင်း ကျွန်ုပ်တို့ကို ဘာပြောသလဲ? ပြည်တွင်းဥပဒေဆိုင်ရာ အမိန့်ညွှန်ကြားချက်များတွင် ဥပဒေကြောင်းအရ ထိုသို့ ပြုလုပ်ရန် လိုအပ်ပါသလား? ထိုသို့လိုအပ်လျှင် ၎င်းကိုအသုံးပြုရန် လိုအပ်ခြင်းအတွက် အကြောင်းပြချက် ကောင်းကောင်း ရှိပါသလား?

စာသားသည် ပြဋ္ဌာန်းဥပဒေများကဲ့သို့ စာဖြင့်ရေးသားထားသည့် ဥပဒေများ၏ အဓိပ္ပာယ်ကို သေချာအောင် စိစစ်လေ့လာရာတွင် အစမှတ်ဖြစ်ကြောင်း ရှေ့နေအချို့က အငြင်းပွားလိမ့်မည်။ အမှန်ဆိုရလျှင် စာသားသည် ရေးသားပြဋ္ဌာန်းထားသည့် ဥပဒေ၏ လွယ်ကူရှင်းလင်းဆုံး အင်္ဂါရုပ်ဖြစ်သည့်အတွက် အဆိုပါစာသားကို ဥပဒေ၏ အဓိပ္ပာယ်အား လေ့လာစိစစ်မည့် အစမှတ် မည်သို့ဖြစ်နိုင်မည်ကို ပုံဖော်ရန်ပင် ခက်ခဲပါသည်။ စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် Savigny ၏ 'အခြေခံသဘောတရား ၄ ချက်' အယူဝါဒပါ ပထမနည်းလမ်းဖြစ်ပြီး တရားရုံးများက ရည်ညွှန်းကိုးကားသည့် ပထမဆုံးနည်းလမ်းလည်း ဖြစ်သည်။[၁၂၀၈] အမေရိကန်ဥပဒေတွင် 'ရိုးစင်းသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု စည်းမျဉ်း' နှင့် အင်္ဂလိပ်ဥပဒေတွင် 'တိုက်ရိုက် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု စည်းမျဉ်း' ဟု ခေါ်သည့် စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အင်္ဂလိပ်ရိုးရာဥပဒေဆိုင်ရာ တရားစီရင်ရေး စနစ်များတွင် စံအဖြစ်သတ်မှတ်ထားသော နည်းလမ်းဖြစ်သည်။[၁၂၀၉]

ထို့ကြောင့် စာသားအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အခြားနည်းလမ်းများထက် ကွဲပြားသော အဆင့်တစ်ခုတွင် ရှိနေကြောင်းနှင့် အချို့ က ၎င်းအခြားနည်းလမ်းများသည် စာသားအခြေပြုနည်းလမ်းထက် တဆင့်နိမ့်ကြောင်းကိုလည်း ဆွေးနွေးသည်။ အခြားနည်းလမ်းများသည်လည်း စကားအသုံးအနှုန်းများကို

[၁၂၀၆] Wood (n 14) 9. See also Wood's observation that the different regimes of CIL are interconnected: ILC, 'First Report on Formation and Evidence of Customary International Law by Special Rapporteur Sir Michael Wood' (n 185) 7 f, para 19; ilc, 'Second Report on Identification of Customary International Law by Special Rapporteur Sir Michael Wood' (n 578) 11 ff, para 28.

[၁၂၀၇] Art. 31(1) VCLT.

[၁၂၀၈] Eg BGE 141 II 436, at 4.1; BGE 140 II 415, at 5.4.

[၁၂၀၉] 'ဝေါဟာရ ဝါကျတို့၏ အဓိပ္ပာယ်ရင်းမြစ်နှင့် သက်ဆိုင်ခြင်း' နှင့် 'ဝါကျဖွဲ့ပုံ စည်းမျဉ်း' ဟုခေါ်တွင်ကြောင်း Antonin Scalia နှင့် Bryan A Garner တို့က ဖော်ထုတ်ထားသည်။ Reading Law: *The Interpretation of Legal Texts* (Thomson/West 2012).

အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းမျှသာ ဖြစ်ကြောင်းတစ်စုံတစ်ဦးက ငြင်းဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဝေါဟာရစကားလုံးများကို အမြဲကြည့်လေ့ရှိသည့်အတွက် စာသားအခြေပြုအနက်အဓိပ္ပာယ် ဖွင့်ဆိုမှုနည်းလမ်းသည် ကိုယ်တိုင်ရပ်တည်လျက်ရှိသည့် နည်းလမ်းတစ်ခု မဟုတ်ချေ။

စကားပြန်များသည် ပြောဆိုဆက်သွယ်မှုအလေ့အကျင့်တွင် စွဲမြဲနေသည့်အတွက်ကြောင့် ရိုးရိုးအဓိပ္ပာယ်ကို ကြည့်ရှုခြင်းသည် အကူအညီမဖြစ်သော်လည်း ကြည့်ရှုကြသည်။ စာသားအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် တသီးတခြားရပ်တည်နိုင်သည့်နည်းလမ်းတစ်ခု ဖြစ်သော်လည်း အခြားနည်းလမ်းများသည် စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းကို လိုအပ်လိမ့်မည်ဖြစ်သည်။ ထို့အတူ စာသားအခြေပြုနှင့် အခြား အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုနည်းလမ်းများသည် အပြန်အလှန် လိုအပ်ကြမည် ဖြစ်သည်။ ရိုးရိုးအဓိပ္ပာယ်ကို အလေးထားခြင်းသည် ဥပဒေကို စနစ်တကျ လေ့လာစိစစ်ခြင်းအတွက် ထင်ရှားသည့်နည်းလမ်းဖြစ်သော်လည်း မြင်တွေ့ရလေ့ရှိသည့် ရိုးစင်းသောအရာပင်ဖြစ်သည်။ ထို့အပြင် ဥပဒေအနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အနက်အဓိပ္ပာယ်ကောက်ယူမှု (*interpretandum*) သည် စာသားကိုယ်တိုင်သာမက (အမြဲမဟုတ်သော်လည်း ကိစ္စရပ်အများစုရှိ) ဝေါဟာရ စကားလုံး များတွင် ပါရှိသည့် လူမှုရေးရာအချက်အလက်များ[၁၂၁၀] ကိုပါ အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည်။

စာသားအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို နယ်ပယ်များစွာတွင် လိုအပ်ကြသည်။ ပထမအချက်အနေဖြင့် ဥပဒေပြုလွှတ်တော်က အတည်ပြုချမှတ်ထားသည့် စကားအသုံးအနှုန်းများကို စဉ်းစားရန် ဆုံးဖြတ်ချက်ချမှတ်သူများအား ဖိအားပေးခြင်းဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ကန့်သတ်သည်။ ဥပမာအားဖြင့် စာသားကို ဥပဒေပြုလွှတ်တော်နှင့် ၎င်း၏ အကြောင်းအရာများအကြား ဖျန်ဖြေပေးသူအဖြစ် Savigny က မှတ်ယူသည်။[၁၂၁၁] ဒုတိယအချက်အနေဖြင့် စာသား ၏ အဓိပ္ပာယ်ကို သဘောထား တိုက်ဆိုင်မှုမရှိနိုင်သည်မှာ ကျိုးကြောင်းဆီလျော်သော်ငြား ၎င်းစာသားကို လွယ်လွယ်ကူကူ လက်လှမ်းမီ သိမြင်နိုင်သည်။ ရည်မှန်းချက်ကို သေချာအောင် လေ့လာစိစစ်ရာတွင် ဥပဒေပြုသမိုင်းနှင့် ဥပဒေရေးရာ ဆောင်ရွက်ချက်များ၏ အကြောင်းအရာသည် သုတေသနကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရန် လိုအပ်သည်။ စာသားသည် လွယ်ကူရှင်းလင်းလေ့ရှိသည်။

စာသားအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို အမျိုးမျိုးသော အကြောင်းပြချက်များဖြင့် ဝေဖန်ဆန်းစစ်လေ့ရှိသည်။ ပထမအနေဖြင့် စကားအသုံးအနှုန်းသည် တိကျသည့် ပုံစံရှိမှသာလျှင် အထောက်အကူပြုပါသည်။ အချို့ရှေ့နေများကမူ ၎င်းတို့၏ အမြင်တွင် စာသားများသည် ဘယ်တော့မှ တိကျသည့်ပုံစံမရှိဘဲ စာသားအဓိပ္ပာယ်သည် ပုတ်သင်ညိုကဲ့သို့ အကြောင်းအရာကိုလိုက်၍ ပြောင်းလဲသည်ဟု ထင်မြင်ယူဆကြသည့်အတွက် ‘ရိုးရိုးအဓိပ္ပာယ်’ နှင့် ‘ရိုးစင်းမှု’ ဆိုင်ရာအယူအဆကို ထောက်ပြပြောဆိုသည်။[၁၂၁၂] သေချာပေါက်ဆိုရသော် စာသားများ၏ အဓိပ္ပာယ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် အမြဲ သဘောထားတိုက်ဆိုင်လေ့ မရှိကြပါ။ စာသားများကို အနက်အဓိပ္ပာယ် လိုသလို ကောက်ယူနိုင်မှုသည် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်း ဖြစ်နိုင်သလို မရည်ရွယ်ဘဲ အနက်ကောက်ယူခြင်းလည်း ဖြစ်နိုင်သည်။ ဥပဒေစာသားများသည် ရှင်းလင်းတိကျမှုမရှိဘဲ အလွန်ဝေဝေဝါးဝါး ရေးသားထားခြင်း မဟုတ်ပေ။ ၎င်းဥပဒေစာသားများသည် ကျွန်ုပ်တို့၏ လူမှု ဆက်သွယ်ရေးအလေ့အကျင့်များတွင်

[၁၂၁၀] ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေ (CIL) ကို စကားလုံးများဖြင့်မပြဆိုသော အက်ဥပဒေများအသွင်ဖော်ပြနိုင်သည်။ အဆိုပါအက်ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုသူသည် စာဖြင့်ရေးသားထားသည့် အချက်အလက်အချို့ကို အသုံးပြုကောင်း ပြုနိုင်သော်လည်း အနက်အဓိပ္ပာယ်ကောက်ယူမှု (*interpretandum*) ကိုယ်တိုင်က စကားလုံးများဖြင့် မဖော်ပြပေ။

[၁၂၁၁] von Savigny (n 761) 213.

[၁၂၁၂] Derrida, ‘Signature, événement, contexte’ (n 1145). See also Amstutz (n 790). စာသားများ၏ အဓိပ္ပာယ်သည် အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် အဖွဲ့အစည်းတစ်မှ တစ်ခု ပြောင်းလဲမှုအပေါ်မူတည်၍ ကွဲပြားကြောင်း Stanley Fish က ဆွေးနွေးသည်။ See Fish, Is There a Text in This Class? The Authority of Interpretive Communities (n 982) 5.

စွဲမြဲလျက်ရှိသည်။ Aharon Barak က ဆိုသကဲ့သို့ '[စ]ကားလုံးများတွင် အဓိပ္ပာယ်တိတိကျကျ ရှိသည်။ စီးကရက် တစ်လိပ်သည် ဆင်တစ်ကောင် မဟုတ်ပါ'။[၁၂၃၃]

ဒုတိယကန့်ကွက်ချက်အနေဖြင့် စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် စာဖြင့်ရေးသားထားသည့် ဥပဒေအတွက်သာ အသုံးပြုခြင်းအပေါ် ကန့်ကွက်ခြင်းဖြစ်သည်။ သို့သော် စာဖြင့် မရေးသားထားသည့် ဥပဒေကို နှုတ်စကားဖြင့် ဆောင်ရွက်ချက်များကို အထောက်အကူပြုပစ္စည်းများကဲ့သို့ အသုံးပြုခြင်းမှတဆင့် စနစ်တကျ လေ့လာ စိစစ်လေ့ရှိကြောင်းအပေါ် ဤကန့်ကွက်ချက်က လျစ်လျူရှုထားသည်။

တတိယအနေဖြင့် စာသားများ၏ ရိုးရိုးအဓိပ္ပာယ်ကို စနစ်တကျ လေ့လာစိစစ်ရာတွင် မတူညီသည့် နည်းလမ်းများရှိကြောင်းကို ရှာဖွေတွေ့ရှိရသည်။[၁၂၃၄] ထို့ကြောင့် စာသားအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ၎င်း၏ဆိုလိုရင်းဖြစ်သည့် ပြဿနာဖြေရှင်းရန်ထက် အခက်အခဲများကို အငြင်းပွားဖွယ် ဖန်တီးပါသည်။ မှန်ကန်သည့် အချက်မှာ နည်းလမ်းများသည် ၎င်းတို့ကို မည်သို့အသုံးပြုသင့်သည်ကို မဖော်ပြဘဲ စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို အခြားနည်းလမ်းများအတွက် ထည့်သွင်းစဉ်းစားလျက် မည်သည့်နည်းလမ်းဖြင့်မဆို ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် အဆိုပါဆောင်ရွက်ချက်သည် စာသားအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို အသုံးမဝင်မှု မဖြစ်စေပါ။ စာသားအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို ချည်းကပ်သည့် မည်သည့်နည်းလမ်းမဆို အငြင်းပွားရမည့် စံနှုန်းသတ်မှတ်ချက်တစ်ခု ဖြစ်သည်။ နည်းလမ်းများသည် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု သီအိုရီ မဟုတ်ပေ (*supra* ၊ အခန်း ၂၊ ၅.၁)။ အဆိုပါနည်းလမ်းများက မကိုင်တွယ်နိုင်သည့် ပြဿနာများကို ၎င်းနည်းလမ်း များဖြင့် ဖြေရှင်းရန် ကျွန်ုပ်တို့ မမျှော်လင့်နိုင်ပေ။

စတုတ္ထအနေဖြင့် စာသားအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အခြားအနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်း များအား အလေးမထားသောအခါ ၎င်းနည်းလမ်းသည် ဝေဖန်ခံရနိုင်သည် (ဝေဖန်ခံရလေ့ရှိသည်)။ ထို့ကြောင့် တစ်ဖတ်သတ်အမြင်အရဆိုလျှင် ကျိုးကြောင်းဆင်ခြင်မှု မရှိသော 'စာသားအခြေပြုဝါဒီ (textualist)' ချည်းကပ်မှု များသည် စာသားအနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းတွင် အားနည်းချက်ရှိသည်ဟူသည့် သုံးသပ်ချက်သို့ ဦးတည်စေမည် မဟုတ်ပါ။ စာသားအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှု အသုံးပြုခြင်းသည် မူရင်းဝါဒကို အတည်ပြုထောက်ခံပေးရန် မလိုအပ်ပါ (ဥပမာအားဖြင့် *supra* ၊ အခန်း ၂၊ ၅.၁)။

စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု၏ အားသာချက်နှင့် အားနည်းချက်များကို အပြည့်အဝနားလည် သဘောပေါက်ခြင်းဖြင့် အခြားနည်းလမ်းများနှင့်အတူ ၎င်းကို အသုံးပြုခြင်းရခြင်း၏ ခိုင်လုံသည့် အကြောင်းပြချက် များရှိကြောင်း တင်ပြ၍ နိဂုံးချုပ်ပါသည် (၂.၂-၂.၄)။

၂.၁.၂ အပြည်ပြည်ဆိုင်ရာဥပဒေ

ပြည်တွင်းဥပဒေကဲ့သို့ အပြည်ပြည်ဆိုင်ရာဥပဒေတွင်လည်း စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို ကျယ်ကျယ် ပြန့်ပြန့် တွေ့ရှိရသောကြောင့် အပြည်ပြည်ဆိုင်ရာဥပဒေရှိ ဓလေ့ထုံးတမ်းလက္ခဏာသည် မလိုအပ်ကြောင်း ထင်မြင်ရပြီး ၎င်းဓလေ့ထုံးတမ်းများအပေါ် သံသယရှိနေသည်။ စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် သဘောတူစာချုပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အစမှတ်ဖြစ်သည်။[၁၂၃၅] ထို့အပြင် အဓိပ္ပာယ်ဖွင့်ဆိုခြင်း ဖြင့်လည်းကောင်း စာဖြင့်ရေးသားခြင်းဖြင့် လည်းကောင်း သဘောတူစာချုပ်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်း

[၁၂၃၃] Aharon Barak, 'Hermeneutics and Constitutional Interpretation' (1992) 14 Cardozo Law Review 767, 767.

[၁၂၃၄] ဥပမာအားဖြင့် ဥပဒေအတည်ပြုပြဋ္ဌာန်းရာတွင် မူကြမ်းရေးဆွဲသူ၏ ရည်ရွယ်ချက် သို့မဟုတ် စာသား၏ သာမန်အဓိပ္ပာယ် အပေါ် အခြေပြုခြင်း ဖြစ်သည်။ ရည်ရွယ်ချက်ပဓာနဝါဒနှင့် စာသားပဓာနဝါဒဟု ခေါ်တွင်သည့် မူရင်းဝါဒပုံစံ နှစ်မျိုးအကြား၌ စာရေးသူအချို့က ဖော်ထုတ်ထားသည့် ခြားနားချက်ကို အဆိုပါ ဖြေရှင်းနည်း နှစ်သွယ်က ထင်ဟပ်စေပါသည်။ Letsas (n 79) 60 ကို ကြည့်ပါ။

[၁၂၃၅] ILC, 'Draft Articles on the Law of Treaties With Commentaries' (n 783) 219 f; Fatima (n 45) 83 f. Textual interpretation is mentioned in art. 31(1) and (4) VCLT.

စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို အသုံးပြုသည်။[၁၂၁၆] နိုင်ငံများ၏ကျင့်သုံးပုံ နှင့် ဥပဒေရေးရာအမြင် သဘောထား (*opinio juris*) များသည် စာသားဖြင့်မဟုတ်ဘဲ နှုတ်ဖြင့်ပြုစုထားသည့် ဆောင်ရွက်ချက်များတွင် အများဆုံး ထင်ဟပ်လျက်ရှိသည့်အတွက် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေကို စိစစ်သတ်မှတ်ရာတွင် စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို အမြဲ လိုအပ်ပါသည်။[၁၂၁၇] အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်၏ သုံးသပ်ချက်မူကြမ်းများနှင့်အညီ သဘောတူစာချုပ်များ၊ IOS မှ ချမှတ်သည့် ဆုံးဖြတ်ချက်များနှင့် (တရားရုံး ဆုံးဖြတ်ချက်များနှင့် ပညာရပ်ကဲ့သို့) အကူပစ္စည်းများအားလုံးသည် ဓလေ့ထုံးတမ်းကို လေ့လာစိစစ်ရာတွင် အသုံးပြုနိုင်သည်။[၁၂၁၈] ထို့အတူ အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျသဘောတရားများသည် နိုင်ငံများ၏ အသိအမှတ်ပြုခြင်း၊ သဘောတူစာချုပ်များ၊ ဓလေ့ထုံးတမ်းများ[၁၂၁၉] နှင့် အကူပစ္စည်းများအပေါ် အခြေခံ၍ စနစ်တကျ လေ့လာစီစစ်ပါသည်။

သဘောတူစာချုပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု အလေ့အကျင့် (အရေးကြီးဆုံးအနေဖြင့် နိုင်ငံများ၏ ကျင့်သုံးမှု)[၁၂၂၀] က စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ဓလေ့ထုံးတမ်းဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်းဖြစ်ကြောင်း အကြံပြုသည်။[၁၂၂၁] သဘောတူစာချုပ် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုင်ရာ လေ့လာဆန်းစစ်မှုနှင့် သဘောတူညီချက်မူကြမ်းအနည်းငယ်သာ စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို လျစ်လျူရှုသည်။[၁၂၂၂] အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေနှင့် စပ်လျဉ်း၍ အမှုကိစ္စရပ် အများစုတွင် ဆုံးဖြတ်ချက်ချမှတ်သူများသည် စာဖြင့်ရေးသားထားသော ဆောင်ရွက်ချက်များသာမက နှုတ်ဖြင့်ပြုစုထားသော ဆောင်ရွက်ချက်များကိုပါ မူတည်၍ စနစ်တကျစိစစ်လေ့လာသည်။[၁၂၂၃] နှုတ်ဖြင့်ပြုစုထားသည့် ဆောင်ရွက်ချက်များ၏ အရေးပါမှုကို အပြည်ပြည်ဆိုင်ရာဥပဒေအဖွဲ့ (ILA) က ဆောင်ရွက်သည့် ကိစ္စရပ်များတွင်လည်း တွေ့ရှိရသည်။[၁၂၂၄] အပြည်ပြည်ဆိုင်ရာဥပဒေပါ

[၁၂၁၆] See art. 2(1)(a) VCLT.

[၁၂၁၇] အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်၏ သုံးသပ်ချက်မူကြမ်း ၆ နှင့် ၁၀၊ "အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ သတ်မှတ်ရာမှုအပေါ် သုံးသပ်ချက်မူကြမ်းနှင့် ရှင်းလင်းချက်မှတ်စုများ" (n 891). For a critique: Sienho (n 960) 385 f. See also Tullio Treves, 'Customary International Law', *Max Planck Encyclopedia of Public International Law* (*Online Edition*) (Oxford University Press 2008) <opil.ouplaw.com>. အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် နှုတ်စကားဖြင့် ဆောင်ရွက်ချက်များအတွက် အကန့်အသတ်ဖြင့်သာ ရှိသည့်အတွက် ဓလေ့ထုံးတမ်းများကို အနက်အဓိပ္ပာယ် မဖွင့်ဆိုနိုင်ဟု Treves က စဉ်းစားသည်။

[၁၂၁၈] Draft conclusions 11 ff in ILC, 'Draft Conclusions on Identification of Customary International Law, With Commentaries' (n 891). On treaties as means of identification of CIL, see ILA Committee on Formation of Customary (General) International Law (n 886) 43 ff.

[၁၂၁၉] Ottavio Quirico, 'General Principles of International Criminal Law and Their Relevance to Africa' (2011) 17 African Yearbook of International Law Online 139, 152 ff.

[၁၂၂၀] On the practice of domestic courts, see Fatima (n 45) 83 f; Waibel, 'Principles of Treaty Interpretation: Developed for and Applied by National Courts?' (n 183) 20.

[၁၂၂၁] See also the references to the ICJ's case law in ILC, 'Draft Articles on the Law of Treaties With Commentaries' (n 783) 220 f. See also Institut de droit international, 'Interprétation des traités' (n 1197); Sorel and Boré-Eveno (n 1044) 817 ff.

[၁၂၂၂] The Harvard Draft Convention on the Law of Treaties of 1935 does not expressly refer to textual inerpretation qua interpretative method, but mentions it in its commentary, see 'Article 19. Interpretation of Treaties' (n 121) 947 ff. See however ibid 940.

[၁၂၂၃] See the comments submitted by the governments of El Salvador, Ireland, the United Kingdom, South Korea, and Finland at the ILC's 66th and 67th session, <legal.un.org/ilc/guide/1_13.shtml>. On English courts, see Fatima (n 45) 414 ff. On domestic courts in continental Europe, see Jan Wouters, 'Customary International Law Before National Courts: Some Reflections From a Continental European Perspective' (2004) 4 Non-State Actors and International Law 25, 28 ff.

[၁၂၂၄] ILA Committee on Formation of Customary (General) International Law (n 886) 14 f.

ယေဘုယျသဘောတရားများအား စနစ်တကျ လေ့လာစိစစ်ရာတွင် အဆိုပါ နှုတ်ဖြင့် ဆောင်ရွက်ချက်များအား အပြည်ပြည်ဆိုင်ရာ စီရင်ထုံးအချို့တွင် ထပ်မံ အသုံးပြုထားသည်။[၁၂၅၅]

အပြည်ပြည်ဆိုင်ရာဥပဒေတွင် စာသားအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို အသုံးပြုရန် နိုင်ငံများ၏ တာဝန်ကို အကြောင်းပြချက်များစွာဖြင့် ရှင်းလင်းထားသည်။ ပထမအချက်အနေဖြင့် ဥပဒေရေးဆွဲသည့် နိုင်ငံများ၏ ရည်ရွယ်ချက်များကို တလေးတစားရှိစေရန် ဤနည်းလမ်းဖြင့် ကူညီဆောင်ရွက်သည်။[၁၂၅၆] အဆိုပါနည်းလမ်းဖြင့် စာသားသည် ရည်ရွယ်ချက်ကို ထင်ဟပ်စေသည်။[၁၂၅၇] စာဖြင့်ရေးသားထားခြင်းမရှိသော အပြည်ပြည်ဆိုင်ရာ ဥပဒေအား အလေးအနက် ထည့်သွင်းစဉ်းစား၍ နှုတ်ဖြင့် ဆောင်ရွက်ချက်များကို အသုံးပြုမည့် နိုင်ငံများ၏ ရည်ရွယ်ချက်ကို ထိုနှုတ်ဖြင့်ဖော်ပြခြင်းဖြင့် အတိအကျ ပုံပေါ်စေပါသည်။ ဒုတိယအချက်အနေဖြင့် (အလွယ်တကူ မရရှိနိုင်သည့် ဥပဒေမှ အပ) အပြည်ပြည်ဆိုင်ရာ ဥပဒေစာသားသည် ချက်ချင်း သိမြင်လွယ်သည့် အင်္ဂါရုပ်ရှိပါသည်။

စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည်လည်း ဝေဖန်မှုကို ဖြစ်ပေါ်စေသည်။ ပထမအနေဖြင့် အပြည်ပြည်ဆိုင်ရာအဆင့်တွင် ရိုးရိုးအဓိပ္ပာယ်ကို မျှဝေမှုရှိပါသလား? အဘိဓာန်ပါ အဓိပ္ပာယ်သတ်မှတ်ချက်များကို အားကိုးအားထားပြုခြင်းသည် ဘာသာစကားဆိုင်ရာ ဗဟုဝါဒအခြေအနေများအတွက် အာမခံချက်ပေးနိုင်ပါသလား? စကားအသုံးအနှုန်းဆိုင်ရာ သဘောတူညီမှုအတွက် 'ယေဘုယျနားလည်သဘောတူလက်ခံမှု (meeting of the minds)'[၁၂၅၈] အမြဲ ရှိနိုင်ပါသလား? အဖွဲ့ဝင်အသီးသီး၏ ရည်မှန်းချက်များသည် တစ်ထပ်တည်းကျသော်လည်း စာသားသည် ၎င်းတို့၏ ရည်မှန်းချက်များကို ထင်ဟပ်မပြနိုင်ပေ။ သို့ရာတွင် စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် တလွဲညွှန်ကြားချက်ပေးသည်ဟု အဆိုပါဝေဖန်မှုများက မဖော်ပြနိုင်ပေ။ နိုင်ငံများသည် ဘာသာစကားဆိုင်ရာ ဆက်သွယ်မှု၏ မသေချာမရေရာမှုများကို စာသားအပေါ် သဘောတူခြင်းဖြင့်လက်ခံသည်။ စာသားများက တိကျသေချာမှုမရှိခြင်းနှင့် သဘောတူညီမှု မရှိခြင်း တို့ ဖြစ်စေရန် နေရာချန်ထားသော် ငြား နိုင်ငံအချင်းချင်း စည်းနှောင်မှုရှိစေရန်အတွက် စာသားများကသာ လက်တွေ့အကျဆုံး နည်းလမ်းအဖြစ် ကျန်ရှိစေမည် ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် စာဖြင့်မရေးသားထားသည့် အပြည်ပြည်ဆိုင်ရာဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အထောက်အကူဖြစ်စေမည် မဟုတ်ဟု တစ်စုံတစ်ဦးက ငြင်းချက်ထုတ်နိုင်သည်။ ၎င်းကန့်ကွက်ချက်ကို အလွယ်တကူ ပြန်လည်ချေပသည်။ တရားဝင်ထုတ်ပြန်ကြေညာချက်များနှင့် အထောက်အကူပြုစာရွက်စာတမ်းများမှတဆင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ ဓလေ့ထုံးထမ်းနှင့် ယေဘုယျသဘောတရားများကို စနစ်တကျ လေ့လာစိစစ်ရန်အတွက်က လိုအပ်သည့် နှုတ်ဖြင့် ပြောကြားချက်များ၏ လက်တွေ့ကျကျ အရေးပါမှုကို ၎င်းကန့်ကွက်ချက်က လျစ်လျူရှုခြင်းကြောင့် ဖြစ်သည်။

တတိယအချက်အနေဖြင့် စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် မတူညီသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် ချည်းကပ်မှုများ ရှိသည်။ အဖွဲ့ဝင်များသည် နည်းလမ်းအတူတူအသုံးပြုလျှင်တောင်မှ အဆိုပါနည်းလမ်းဖြင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့်ပတ်သက်၍ သဘောထားကွဲလွဲနိုင်သည်။[၁၂၅၉] သို့သော် ဤစိန်ခေါ်မှုသည် စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို မပျက်ပြားစေနိုင်ပါ။ ဆွေးနွေးငြင်းခုံမှုကို အတင်းအကျပ်

[၁၂၅၅] ICTY (Trial Chamber I), *Prosecutor v. Dražen Erdemović*, sentencing judgment, Case No IT-96-22-T, 29 November 1996, at para 27 ff. See also ICTY (Appeals Chamber), *Prosecutor v. Dražen Erdemović*, judgment, Case No IT-96-22-A, 7 October 1997, joint and separate opinion of Judge McDonald and Judge Vohrah, para 56 ff.

[၁၂၅၆] Fitzmaurice, 'The Law and Procedure of the International Court of Justice, 1951–4: Treaty Interpretation and Other Treaty Points' (n 1006) 204.

[၁၂၅၇] Institut de droit international, 'Interprétation des traités' (n 1197); ilc, 'Draft Articles on the Law of Treaties With Commentaries' (n 783) 220 f.

[၁၂၅၈] This is suggested by Allott's description of treaties as 'disagreement[s] reduced to writing': Allott (n 1107) 4

[၁၂၅၉] Eg Stanley Fish, 'Response: Interpretation Is Not a Theoretical Issue' (1999) 11 Yale Journal of Law and the Humanities 509, 510 f.

ဖြစ်ပေါ်စေမည်မဟုတ်သည့် စာသားကို အတည်ပြုသည့် သီးသန့်ချည်းကပ်မှုတစ်ခုအဖြစ်မျှသာ စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို ဝေဖန်ကြသည်။

နောက်ဆုံးအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ စာသားမဟုတ်သည့် အင်္ဂါရုပ်များကို အလေးအနက်မထားခြင်းကြောင့် စာသားအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို ဝေဖန်ဆန်းစစ်ကြသည်။[၁၂၃၀] အနက်အဓိပ္ပာယ်ပြန်ဆိုသူသည် အခြား အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့်နည်းလမ်းများကို အသုံးမပြုဘဲ စာသား၏ ရိုးရိုးအဓိပ္ပာယ်ဖွင့်ဆိုမှုကို ဦးစားပေး၍ စနစ်တကျ ဦးတည်ဆောင်ရွက်ပါက ယခုဝေဖန်ဆန်းစစ်မှုသည် သင့်လျော်သည်။[၁၂၃၁] ထိုသို့တစ်ဖက်သက် ချည်းကပ်မှုသည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်းများကို အလေးမထားဘဲ စာသားအနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း (textual interpretation) နှင့် စာသားပဓာနဝါဒ (textualism) ကို ပေါင်းစပ်စေမည့် အမှား ဖြစ်ပေါ်စေနိုင်သည် (supra ၊ ၂.၁)။ နောက်ဆုံးအချက်အနေဖြင့် သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းအဆိုအရ 'စာသားပဓာနဝါဒီ'[၁၂၃၂] အမြင်ကို ဝေဖန်ဆန်းစစ်ခြင်း သို့မဟုတ် ဗီယင်နာကွန်ဗင်းရှင်းသည် စာသားပဓာနဝါဒကို လွှမ်းမိုးချုပ်ကိုင်သည်[၁၂၃၃]ဟု စဉ်းစားခြင်းတို့သည် မသင့်လျော်ကြောင်း ထောက်ပြသည်။ '[တစ်]နေရာရာမှ အစပြုရမည်' ဟု Richard Gardiner က မှတ်ချက်ပြုသကဲ့သို့ မတူညီသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများအပေါ် အခြေခံ၍ သင့်လျော်သည့် ချည်းကပ်မှုပြုနိုင်ရန်အတွက် ကွန်ဗင်းရှင်းကို သေသေချာချာ ရေးဆွဲပြုစုထားပါသည်။[၁၂၃၄]

အတိုကောက်အားဖြင့် စာသားအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် ကျယ်ကျယ်ပြန့်ပြန့် မဖြစ်မနေ အသုံးပြုနိုင်သည့် ဓလေ့ထုံးတမ်းဆိုင်ရာနည်းလမ်းအဖြစ် သင့်တင့်မျှတစွာ သတ်မှတ်နိုင်ပါသည်။

၂.၂ နည်းစနစ်တကျ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု (Systematic Interpretation)

၂.၂.၁ ပြည်တွင်းဥပဒေ

'ဥပဒေအဖွဲ့အစည်းများနှင့် ဥပဒေစည်းမျဉ်းများအားလုံးကို တစ်စုတစ်စည်းတည်း ချိတ်ဆက်စုပေါင်း၍ တစ်ခုတည်းဖြစ်စေမည့် အတွင်းပိုင်း ချိတ်ဆက်မှု' အဖြစ် Savigny က 'နည်းစနစ်တကျ' (အကြောင်းအရာဆိုင်ရာ) အစိတ်အပိုင်းကို သတ်မှတ်သည်။[၁၂၃၅] ဥပဒေဆိုင်ရာ အချက်အလက်များနှင့် အဖွဲ့အစည်းများအတွက် အကြောင်းအရာသည် အကန့်အသတ်ရှိသည်။ အနက်အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် လူမှုယဉ်ကျေးမှုဆိုင်ရာ အသိုင်းအဝိုင်းကဲ့သို့ အစိတ်အပိုင်းများ အကျုံးမဝင်ပေ။ ဥပဒေသည် တစ်စုတစ်စည်းတည်း အစပ်အဟပ်ရှိရှိ ('နည်းစနစ်တကျ') ပေါင်းစပ်ထားခြင်းဖြစ်ပြီး သီးခြားအနက်အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် ဥပဒေဆိုင်ရာအချက်အလက်များ ပေါင်းစပ်ထားမှုမဟုတ်ကြောင်း Savigny ၏ အကြောင်းအရာဆိုင်ရာ နားလည်သဘောပေါက်မှုက ကြိုတင်ကောက်ချက်ချသည်။

[၁၂၃၀] Andrea Bianchi, 'Textual Interpretation and (International) Law Reading: The Myth of (In)Determinacy and the Genealogy of Meaning' in Pieter HF Bekker, Rudolf Dolzer, and Michael Waibel (eds), Making Transnational Law Work in the Global Economy: Essays in Honour of Detlev Vagts (Cambridge University Press 2010).

[၁၂၃၁] For an example of such a textualist approach to treaty interpretation, see Andrew Tutt, 'Treaty Textualism' (2014) 39 Yale Journal of International Law 283.

[၁၂၃၂] See famously Myres S McDougal, 'The International Law Commission's Draft Articles Upon Interpretation: Textuality Redivivus' (1967) 61 American Journal of International Law 992.

[၁၂၃၃] JG Merrills, 'Two Approaches to Treaty Interpretation' (1969) 4 Australian Year Book of International Law 55, 78; Martin Ris, 'Treaty Interpretation and ICJ Recourse to Travaux Préparatoires: Towards a Proposed Amendment of Articles 31 and 32 of the Vienna Convention on the Law of Treaties' (1991) 14 Boston College International and Comparative Law Review 111, 117

[၁၂၃၄] Gardiner (n 359) 181.

[၁၂၃၅] von Savigny (n 761) 214.

နည်းစနစ်တကျအဓိပ္ပာယ်ဖွင့်ဆိုမှုသည် Savigny ၏ နည်းလမ်း (၄) သွယ်ကို သဘောတူချမှတ်သည့် တရားရေးစနစ်များအားလုံးအတွက် အများဆုံးအသုံးပြုသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းဖြစ်သည်။ ၎င်းကို အင်္ဂလိပ်ရိုးရာဥပဒေစနစ် ကျင့်သုံးသည့် နိုင်ငံများတွင်လည်း အသုံးပြုသည်။[၁၂၃၆]

ဥပဒေ၏ အကြောင်းအရာကို လေ့လာရာတွင် ခိုင်လုံသည့် အကြောင်းပြချက်များစွာရှိသည်။ ပထမအချက် အနေဖြင့် ဥပဒေစာသားများကို ဖတ်ရှုသောအခါ ပထမဦးစွာ အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့်အဆင့်က အလိုအလျောက် ဖြစ်လာပြီးနောက် ဒုတိယအဆင့်အနေဖြင့် ဥပဒေပါ အကြောင်းအရာကို အလေးအနက်ထားမိခြင်း ဖြစ်သည်။ ဥပဒေပြဋ္ဌာန်းချက်တစ်ခုသည် ကျယ်ပြန့်သော ထိန်းသိမ်းအုပ်ချုပ်မှုစနစ်၏ အစိတ်အပိုင်းဖြစ်သည်။ စာဖြင့်မရေးသားထားသည့် ဥပဒေများသည်ပင်လျှင် တစ်ထီးတည်း တည်ရှိမနေပါ။ ၎င်းတို့သည် အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ ပုံစံတစ်ခုနှင့် သက်ဆိုင်ပါသည်။ ဒုတိယအချက်အနေဖြင့် တာဝန်ရှိသူများသည် ဥပဒေကို လိုက်နာရမည်။ တရားသူကြီးသည် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုကို သီးခြားအနက်အဓိပ္ပာယ်ဖွင့်ဆိုပါက အခြားသော ဥပဒေစံနှုန်းများကိုပါ ချိုးဖောက်ရာ ရောက်ပေသည်။ ထိုကဲ့သို့ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြင့် ဥပဒေဆိုင်ရာ အကြောင်းအရာများအပေါ် ရှေ့နောက်မညီ ဆန့်ကျင်သည့် တာဝန်ဝတ္တရားများကိုလည်း ပြဋ္ဌာန်းစေသည်။

ဝေဖန်ဆန်းစစ်မှုမြောက်မြားစွာမရှိဘဲ နည်းစနစ်တကျ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု မဖြစ်ပေါ်လာနိုင်ပေ။ ပထမအနေဖြင့် တရားသူကြီးများသည် ၎င်းတို့၏ အဖွဲ့အစည်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများထက် ဘောင်ကျော်ရန် လိုအပ်သည်။ အကယ်၍ ဥပဒေပြုလွှတ်တော်က ဆန့်ကျင်ဘက်ဥပဒေနှစ်ခုကို ပြဋ္ဌာန်းလိုက်ပါက (တမင်သိလျှက်နှင့် ဖြစ်စေ သို့မဟုတ် ဂရုမပြုမိဘဲဖြစ်စေ အမြဲဖြစ်လေ့ရှိသည်) တရားသူကြီးများအတွက် ၎င်းအခြေအနေကို ပါဝင် ပတ်သက်ရန်အတွက် အငြင်းပွားလေ့ရှိသည်။ သို့သော် ကောင်းမွန်သော တရားစီရင်ရေးဆိုင်ရာ ကျိုးကြောင်းဆင်ခြင်မှုသည် ခန့်မှန်း တွက်ချက်နိုင်မှု၊ ရှင်းလင်းပြတ်သားမှုနှင့် အရေးကြီးဆုံးအဖြစ် ရှေ့နောက်ညီညွတ်မှုတို့ကို ပြုလုပ်ခွင့်ထားသည်ဟု ပြောဆိုခြင်းဖြင့် ၎င်းကန့်ကွက်ချက်ကို တွန်းလှန်နိုင်သည်။

ဒုတိယအနေဖြင့် တပေါင်းတစည်းတည်းဖြစ်ခြင်းသည် ၎င်းကိုယ်တိုင် အဆုံးသတ်မဟုတ်သည့်အပြင် အကျိုးအကြောင်း အမြဲတမ်း ခိုင်လုံမည်မဟုတ်ကြောင်းဟူသည့် အခြေခံဖြင့် တစ်စုံတစ်ဦးက ကန့်ကွက်နိုင်သည်။[၁၂၃၇] အကျိုးစီးပွားမှီခိုမှု သို့မဟုတ် အခြေခံအခွင့်အရေးများကဲ့သို့သော အခြားစဉ်းစားရမည့်အချက်များဖြင့် တပေါင်း တစည်းတည်း ဖြစ်စေရန် လိုအပ်ချက်များကို ချိန်ညှိနိုင်သည်။ အကြောင်းအရာကို အသုံးပြုခြင်းသည် ၎င်းအား မရှိမဖြစ်လိုအပ်ပြီး အမြဲ လွှမ်းမိုးသည်ဟု အဓိပ္ပာယ်မသက်ရောက်ကြောင်းကို ထိုကန့်ကွက်ချက်က လျစ်လျူရှု ထားသည်။

တတိယအချက်အနေဖြင့် နည်းစနစ်တကျ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ရှင်းလင်းတိကျသည့် ဖွင့်ဆိုမှု မဟုတ်ဟု ဆိုသည့် အကြောင်းပြချက်များကို ဆန့်ကျင်ကန့်ကွက်နိုင်သည်။ ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်တစ်ခုကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အဆိုပါဥပဒေနှင့် သက်ဆိုင်သည့်နယ်ပယ်ရှိ တဆင့်ခံ ဥပဒေကိုပါ ပေါင်းစပ်သင့်ပါသလား? ဥပဒေစနစ်တစ်ခုလုံးအနေဖြင့်ပါ ပေါင်းစပ်သင့်ပါသလား?[၁၂၃၈] သို့သော် နည်းစနစ်တကျဖြစ်မှုကို ရရှိစေမည့် သင့်လျော်သည့်နည်းလမ်းက ဆွေးနွေးငြင်းခုံဖွယ်ရာအချက်ပင်ဖြစ်သည်။ အဆိုပါအချက်က နည်းစနစ် တကျ

[၁၂၃၆] Scalia and Garner (n 1209). အခြားဥပမာမှာ အင်္ဂလိပ်ဥပဒေတွင် အသုံးပြုသည့် 'ရွှေစည်းမျဉ်း' ဖြစ်သည်။ တွင် ကြည့်ပါ - 'ပြဋ္ဌာန်းဥပဒေများသာမက အခြား စာဖြင့်ရေးသားသည့် စာချုပ်စာတမ်းများကို ပြုစုရာတွင် အဓိပ္ပာယ်မဲ့ခြင်း သို့မဟုတ် ကျန်သော စာချုပ်စာတမ်းများနှင့် ရှေ့နောက်တူညီမှုမရှိခြင်း မရှိပါက သဒ္ဒါနည်းလမ်းနှင့် စကားလုံးဝေါဟာရများ၏ သာမန်အမြင်တို့ကို စွဲကိုင်ထားသည်။ အဓိပ္ပာယ်မဲ့ခြင်း သို့မဟုတ် ကျန်သော စာချုပ်စာတမ်းများနှင့် ရှေ့နောက်တူညီမှုမရှိခြင်းကို ရှောင်လွဲလိုပါက သဒ္ဒါနည်းလမ်းနှင့် စကားလုံးဝေါဟာရ၏ သာမန်အဓိပ္ပာယ်တို့ကို ပြုပြင်မွမ်းမံရလိမ့်မည်။ သို့သော် နောက်ထပ်မရှိပေ။' (အသားပေးမှုကို ပေါင်းထည့်ထားသည်)။ See also *The Interpretation of Statutes* (n 54) 7 f.

[၁၂၃၇] Joseph Raz, Ethics in the Public Domain: Essays in the Morality of Law and Politics (Clarendon Press ၁၉၉၄) ch ၁၃. See also Dickson (n ၇၈) para ၃.၃.

[၁၂၃၈] On local versus global coherence, see Dickson (n ၇၈) para ၃.၅.

အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အလေးအနက်ရှိသည့် ကျိုးကြောင်းပြချက်နှင့်သာ ရရှိနိုင်ကြောင်း ပြသသည်။ နည်းစနစ်တကျဖြစ်မှုအတွက် ကျားကုတ်ကျားခဲကြိုးစားမှုသည် (ကျွန်ုပ်တို့ အဓိပ္ပာယ်သတ်မှတ်သော်ငြား) ပင်ကိုယ်အားဖြင့် ကျိုးကြောင်းဆီလျော်မှု မရှိကြောင်းကို သက်သေသာဓကနှင့် ပြသခြင်း မရှိပါ။

စတုတ္ထအနေဖြင့် နည်းစနစ်တကျဖြစ်မှုသည် တရားသူကြီးများအပေါ် မမျှတသည့် ဝန်ထုပ်ဝန်ပိုးကို ဖြစ်ပေါ်စေသည်။ ဥပဒေသည် ရှုပ်ထွေးသည်ဟု တစ်စုံတစ်ဦးက အငြင်းပွားနိုင်ပြီး တညီ တညွတ်တည်း ဖြစ်နိုင်ရန် အတွက် အရှုပ်ထုပ်များကို ဖြေရှင်းရန် တရားရုံးများအတွက် မဖြစ်နိုင်ပေ။[၁၂၃၉] ထို့ကြောင့် တညီတညွတ်တည်းဖြစ်ရန် စုစည်းရာတွင် တွေ့ကြုံရသည့် လက်တွေ့အခက်အခဲများကြောင့် စုစည်းမှုရရှိရန် ကြိုးစားဖို့ မထိုက်တန်ကြောင်းကို ဆိုလိုခြင်း မဟုတ်ပါ။

အနှစ်ချုပ်ရသော် နည်းစနစ်တကျ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ပြည်တွင်းဥပဒေတွင် ရှိနှင့်ပြီးသား အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းဖြစ်ပြီး ၎င်းကို အသုံးပြုရန်အတွက် လက်ခံနိုင်မည့် အကြောင်းပြချက် ကောင်းများ ရှိပါသည်။

၂.၂.၂ အပြည်ပြည်ဆိုင်ရာဥပဒေ

နည်းစနစ်တကျ (သို့မဟုတ် အကြောင်းအရာအခြေပြု) အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် နိုင်ငံတကာ စာမျက်နှာတွင်လည်း အရေးပါသည်။ သဘောတူစာချုပ်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် ပတ်သက်၍ သဘောတူ စာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၁ (၁) တွင် အကြောင်းအရာအခြေပြု အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုကို ပြဋ္ဌာန်းထားသည်။ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၁ (၂) က အကြောင်းအရာဆိုင်ရာ အယူအဆကို အသေးစိတ် ဖွင့်ဆိုထားပြီး အပိုဒ် ၃၁ (၃) က 'အကြောင်းအရာနှင့်အတူ ထည့်သွင်းစဉ်းစားရမည့် အစိတ်အပိုင်းများ'ကို သတ်မှတ်ထားသည်။ အဆိုပါအစိတ်အပိုင်းများမှာ (က) နောက်ဆက်တွဲ သဘောတူညီချက်များ၊ (ခ) နောက်ဆက်တွဲ အလေ့အကျင့်များ နှင့် (ဂ) သဘောတူစာချုပ်အဖွဲ့ဝင်များက အသုံးပြုသည့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ ဖြစ်ကြသည်။ သဘောတူစာချုပ် ချုပ်ဆိုခြင်းပြုသည့် အချိန်ကာလရှိ အခြေအနေမှာ 'အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နောက်ဆက်တွဲ နည်းလမ်းများ' ဖြစ်သည် (သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၂)။ နည်းစနစ်တကျ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေကို သတ်မှတ်ရာတွင်လည်း သင့်လျော် လိုက်ဖက်သည်။[၁၂၄၀] နိုင်ငံ၏ ကျင့်သုံးမှုသည် ညီညွတ်မှုရှိခြင်း၊ တသမတ်တည်းရှိခြင်းနှင့် ယေဘုယျ သဘောဆန်ခြင်းတို့သည် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ရှိ မရှိ သို့မဟုတ် သဘောတူစာချုပ် များသည် ဓလေ့ထုံးတမ်းကို စနစ်တကျ လေ့လာစိစစ်ရန်အတွက် အသုံးပြုခြင်း ရှိ မရှိတို့ကို စစ်ဆေးရန် လိုအပ်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေအဖွဲ့၏ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေနှင့် ဆက်စပ်သည့် စီမံကိန်းတွင် ဆောင်ရွက်သကဲ့သို့[၁၂၄၁] အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင်၏ ဓလေ့ထုံးတမ်းဆိုင်ရာ သုံးသပ်ချက်မူကြမ်းများတွင်

[၁၂၃၉] ဥပမာအားဖြင့် ဆွစ်ဇာလန်နိုင်ငံဥပဒေအောက်တွင် လူထုထောက်ခံမဲသည် အခြေခံဥပဒေဆိုင်ရာမူဝါဒများ ပြဋ္ဌာန်းခြင်းကို ဖြစ်ပေါ်စေသည်။ အဆိုပါမူဝါဒသည် ရှိနှင့်ပြီးဖြစ်သော မူဝါဒများနှင့် စေ့စပ်၍မရသည့် အားပြိုင်မှုကို ဖန်တီးစေသည်။

[၁၂၄၀] d'Aspremont, 'The Systemic Integration of International Law by Domestic Courts: Domestic Judges as Architects of the Consistency of the International Legal Order' (n ၁၁၉၁) ၁၅၁ ff; Jean d'Aspremont, 'Articulating International Human Rights and International Humanitarian Law: Conciliatory Interpretation Under the Guise of Norms- Resolution' in Malgosia Fitzmaurice and Panos Merkouris (eds), The Interpretation and Application of the European Convention of Human Rights: Legal and Practical Implications (Martinus Nijhoff ၂၀၁၃). Contra Philippe Sands, 'Treaty, Custom, and the Cross- Fertilization of International Law' (၁၉၉၈) ၁ Yale Journal of International Development Law ၈၅, ၉၄.

[၁၂၄၁] ILA Committee on Formation of Customary (General) International Law (n ၈၈၆) ၁၇. See at ၉: 'The practice of the executive, legislative and judicial organs of the State is to be considered, according to the circumstances, as State practice'. See also at ၂၁.

အကြောင်းအရာကို ကြိမ်ဖန်များစွာ ဖော်ပြထားသည်။[၁၂၄၂] အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ ယေဘုယျ သဘောတရား များကိုလည်း အကြောင်းအရာအခြေပြုနည်းလမ်းအတိုင်း အနက်အဓိပ္ပာယ် ဖွင့်ဆိုရမည်။ ယေဘုယျသဘောတရား သည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ ယေဘုယျသဘောတရားများကို ဖြစ် မဖြစ် ဆန်းစစ် အတည်ပြုလိုသည့်အခါ ပြည်တွင်းတရားရုံး (*in foro domestico*) ၌ ဖော်ထုတ်သတ်မှတ်ထားသည့် ထိုယေဘုယျသဘောတရားများကို ပြည်တွင်း ထက်ကျော်လွန်ကျင့်သုံးကြောင်းကို အနက်အဓိပ္ပာယ် ဖွင့်ဆိုသူက ဆောင်ရွက်ရန်လိုအပ်သည်[၁၂၄၃] ၎င်းပြည်တွင်းအခြေအနေသည် ပထမနေရာတွင်ထားရှိရမည်ကို မသိကျိုးကျွန် မပြုသင့်ပေ။[၁၂၄၄] တင်းကျပ်သည့် သဘောရှိသည့် (*stricto sensu*) အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျသဘောတရားများကို ၎င်းတို့ထွက်ပေါ် လာသည့် အကြောင်းအရာ အခြေအနေကို ထည့်သွင်းစဉ်းစားခြင်းဖြင့် သတ်မှတ်ဖော်ထုတ်သင့်သည်။

သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၁ (၂) နှင့် (၃) တို့ကို အနည်းငယ်မျှသာ ရည်ညွှန်းကိုးကားလေ့ရှိကြသော်လည်း[၁၂၄၅] သဘောတူစာချုပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုသော်အခါ အကြောင်း အရာကို နိုင်ငံများနှင့် ၎င်းတို့၏ တရားရုံးများက ပုံမှန် ထုတ်ဖော်လေ့ရှိကြသည်။[၁၂၄၆] သဘောတူစာချုပ်များ ဥပဒေဆိုင်ရာ ဟားဗတ်ကွန်ဗင်းရှင်းမူကြမ်းတွင်လည်း အကြောင်းအရာသည် လွှမ်းမိုးသည်။[၁၂၄၇] အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်သည် နည်းစနစ်တကျပေါင်းစည်းမှုဆိုင်ရာ အခြေခံသဘောတရား[၁၂၄၈]ကို ၎င်းပြုစုသည့် အပြည်ပြည် ဆိုင်ရာဥပဒေ အပိုင်းအစများအစီရင်ခံစာ[၁၂၄၉]တွင် လေ့လာဆန်းစစ်ထားသည်။ ထို့အပြင် နောက်ဆက်တွဲ သဘောတူ ညီချက်များနှင့် နောက်ဆက်တွဲအလေ့အကျင့်အပေါ် သုံးသပ်ချက်မူကြမ်းတစ်စုံကို ၂၀၁၈ ခုနှစ်တွင် အပြည်ပြည် ဆိုင်ရာ ဥပဒေကော်မရှင်က ပြဋ္ဌာန်းခဲ့သည်။[၁၂၅၀] အပြည်ပြည်ဆိုင်ရာတရားရုံးများ၏ စီရင်ထုံးဥပဒေတွင်လည်း အကြောင်းအရာကို ထပ်ခါတလဲလဲ ဖော်ညွှန်းထားသည်။ အဆိုပါတရားရုံးများသည် တင်းကြပ်သည့် (*stricto sensu*) သဘောတူစာချုပ်များ (သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၁ (၁) နှင့် (၂) အရ) နှင့် ကျယ်ပြန့်သည့် သဘောရှိသည့် (*lato sensu*) သဘောတူစာချုပ်များ (ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၁ (၃) နှင့် အပိုဒ် (၃၂) တို့နှင့်အညီ) နှစ်ခုစလုံးကို ရည်ညွှန်းကိုးကားကြသည်။[၁၂၅၁] ပညာရှင်များသည်လည်း အနက်အဓိပ္ပာယ်ကို

[၁၂၄၂] Draft conclusions ၃(၁), ၆(၂), ၇(၁), and ၁၀(၂), ILC, 'Draft Conclusions on Identification of Customary International Law, With Commentaries' (n ၈၉၁).

[၁၂၄၃] Ellis (n ၁၂၀၃) ၉၆၁ f.

[၁၂၄၄] Jain (n ၇၃) ၁၃၇ ff.

[၁၂၄၅] For an example to the contrary regarding domestic courts' reliance on subsequent practice in treaty interpretation, see 'Article ၁၉. Interpretation of Treaties' (n ၁၂၁) ၉၆၈.

[၁၂၄၆] On the practice of English courts, see Fatima (n ၄၅) ၁၁၄ ff.

[၁၂၄၇] See art. ၁၉(a), 'Harvard Draft Convention on the Law of Treaties' (n ၁၁၉၇).

[၁၂၄၈] Art. ၃၁(၃)(c) VCLT.

[၁၂၄၉] ILC, 'Fragmentation of International Law: Difficulties Arising From the Diversification and Fragmentation of International Law' (n ၂၉၆) paras ၄၁၀– ၄၈၀. See also Anne van Aaken, 'Defragmentation of Public International Law Through Interpretation: A Methodological Proposal' (၂၀၀၉) ၁၆ Indiana Journal of Global Legal Studies ၄၈၃.

[၁၂၅၀] ILC, 'Draft Conclusions on Subsequent Agreements and Subsequent Practice' (၂၀၁၈) un Doc a/ ၇၃/ ၁၀ ၁၂.

[၁၂၅၁] See the references in Sorel and Boré- Eveno (n ၁၀၄၄) ၈၁၇ ff. See also d'Aspremont, 'The Systemic Integration of International Law by Domestic Courts: Domestic Judges as Architects of the Consistency of the International Legal Order' (n ၁၁၉၁) ၁၄၉ ff. Eg ICJ, case concerning Oil Platforms (Iran v. United States), judgment, merits, ICJ Reports ၂၀၀၃, ၆ November ၂၀၀၃, ၁၆၁, at ၁၈၂, para ၄၁; ICJ, case concerning the Legal Consequences for States of the Continuous Presence of South Africa in Namibia (South West Africa) Notwithstanding Security Council Resolution ၂၇၆ (၁၉၇၀), advisory opinion, ICJ Reports ၁၉၇၁, ၂၁ June ၁၉၇၁, ၁၆, at ၃၁ f, para ၅၃. On the circumstances of the conclusion of the treaty, see ICJ, case concerning Legality of Use of Force (Serbia and

ဖွင့်ဆိုသည့်အခါ အကြောင်းအရာ၏ အရေးပါမှုကို ထုတ်ဖော်ကြသည်။[၁၂၅] အလားတူ နိုင်ငံများသည် ဓလေ့ထုံးတမ်းများကို စနစ်တကျ လေ့လာစိစစ်ရာတွင် အကြောင်းအရာများကို ဖော်ပြကြသည်။ သို့သော် သဘောတူစာချုပ်ကို အနက် အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် နှိုင်းယှဉ်ပါက အကြိမ်အရေအတွက် နည်းသေးသည်။[၁၂၆] ဥပမာအားဖြင့် အိုင်ယာလန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေနှင့် ပတ်သက်၍ ဆောင်ရွက်သည့် အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင်၏ အလုပ်အား သဘောထားမှတ်ချက်ပေးသောအခါ 'သဘောထားကြေညာချက်တစ်ရပ်ရပ်အတွက် ထားရှိသည့် သဘောထား အတိမ်အနက်သည် အဆိုပါသဘောထားကြေညာချက် ထုတ်ပြန်စဉ်တွေ့ကြုံရသည့် အခြေအနေအပေါ် မူတည်၍ များစွာ ပြောင်းလဲသည်' ဟု ဖော်ပြသည်။[၁၂၇] အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျသဘောတရားများကို စနစ်တကျလေ့လာစိစစ်နိုင်ရန်အတွက် အကြောင်းအရာအသုံးပြုခြင်းနှင့် ပတ်သက်၍ ပြည်တွင်းနှင့် အပြည်ပြည် ဆိုင်ရာ အကောင်အထည်ဖော်မှု အလေ့အကျင့်သည် နည်းပါနေသေးသည်။ သို့သော် ပြဿနာတစ်ရပ်အား မတူညီသည့် ဥပဒေဖွဲ့စည်းပုံစနစ်များတွင် မည်သို့ကိုင်တွယ်ဖြေရှင်းကြောင်း လေ့လာဆန်းစစ်ခြင်းဖြင့် အပြည်ပြည် ဆိုင်ရာတရားရုံးများသည် တချို့ကိစ္စရပ်များအတွက် ပြည်တွင်းတွင် ကျင့်သုံးမှုများအပေါ် ပြီးပြည့်စုံ သည့် အကြောင်းအရာအခြေပြု စစ်တမ်းကောက်ယူမှုကို ထိတွေ့ဆောင်ရွက်လျက်ရှိသည်။[၁၂၈]

အပြည်ပြည်ဆိုင်ရာဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် နိုင်ငံများနှင့် ၎င်းတို့၏ တရားရုံးများသည် အကြောင်းအရာကို အသုံးပြုရန် ဘာကြောင့် လိုအပ်ပါသလဲ? ပြည်တွင်းဥပဒေတွင်လည်း အဆိုပါမေးခွန်းအတွက် အကြောင်းပြချက်များသည် အတူတူပင်ဖြစ်သည်။ ပထမအချက်အနေဖြင့် အကြောင်းအရာအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် 'ပင်ကိုယ်အသိဉာဏ်နှင့် ရိုးဖြောင့်သောစိတ်ရင်းနှစ်ခုစလုံး' နှင့်ဆိုင်သော ကိစ္စရပ်ဖြစ်သည်။[၁၂၉] အငြင်းပွားမှုတစ်ရပ်အတွက် ဆွေးနွေးရာတွင် ဥပဒေများစွာကို အသုံးပြုနိုင်ပြီး တရားရုံးသည် ၎င်းဥပဒေအားလုံးကို ထည့်သွင်း စဉ်းစားရမည် (ထိုသို့အသုံးပြုရာတွင် တရားရုံး၏ တရားစီရင်ခွင့် အခွင့်အာဏာနှင့် ကျင့်ထုံးဥပဒေနှင့် ညီညွတ်မှုရှိစေရေး အမှန်ပင် စီစဉ်ထားရှိပြီးဖြစ်ရမည်)။ ဒုတိယအချက်အနေဖြင့် အကြောင်းအရာကို အသုံးပြုခြင်းဖြင့် ဥပဒေသည် ၎င်းကြောင့်အကျိုးသက်ရောက်မှုရှိသူများအပေါ် ဆန့်ကျင်ဘက် တာဝန်များ မချမှတ်စေရေး သေချာစေရမည်ဖြစ်သည်။ ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာအမြဲတမ်းတရားရုံး (PCIJ) သည် 'ကျိုးကြောင်းဆီလျော်မှုမရှိသည့် သို့မဟုတ် ယုတ္တိမတန်သည့် ရလဒ်များ' ကိုရှောင်ရှားရန် လိုအပ်သည့်အတွက် အကြောင်းအရာ အခြေခံသဘောတရားနှင့်[၁၃၀] ချိတ်ဆက်လျက်ရှိသည်။ '[သင့်လျော်သည့် ဝေါဟာရစကားလုံးများ] ကို အဓိပ္ပာယ်ရှိအောင်[ပြုလုပ်ခြင်း]' ကို လိုအပ်ပါက အခြားအနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်းများထက် အကြောင်းအရာကို

Montenegro v. Belgium), judgment, preliminary objections, ICJ Reports ၂၀၀၄, ၁၅ December ၂၀၀၄, ၂၇၉ (see especially at ၃၁၈, para ၁၀၀, and at ၃၂၃ f, para ၁၁၃). Evolutive interpretation, which characterizes the case law of regional human rights courts, is allowed by art. ၃၁(၃)(b) VCLT. On this issue, see Daniel Moeckli and Nigel D White, 'Treaties as "Living Instruments"' in Dino Kritsiotis and Michael Bowman (eds), Conceptual and Contextual Perspectives on the Modern Law of Treaties (Cambridge University Press ၂၀၁၈).

[၁၂၅] Bianchi (n ၁၂၃၀) ၄၁ ff.

[၁၂၆] For an example in the practice of English courts, see Fatima (n ၄၅) ၄၁၉.

[၁၂၇] Ireland, <legal.un.org/ docs/ ?path=../ ilc/ sessions/ ၆၆/ pdfs/ english/ icil_ ireland. pdf&lang=E>, at ၂.

[၁၂၈] See some of the examples regarding international criminal tribunals discussed by Fabián Raimondo, General Principles of Law in the Decisions of International Criminal Courts and Tribunals (Martinus Nijhoff ၂၀၀၈) ၈၄ ff. The PCIJ and ICJ have not conducted such comparative surveys, however, see ibid ၅၇ f.

[၁၂၉] ILC, 'Draft Articles on the Law of Treaties With Commentaries' (n ၇၈၃) ၂၂၁.

[၁၃၀] PCIJ, case concerning the Polish Postal Service in Danzig (Poland v. High Commissioner of the League of Nations and Free City of Danzig), advisory opinion, PCIJ Series B No ၁၁, ၁၆ May ၁၉၂၅, ၆, at ၃၉.

စာသားနှင့် ချိတ်ဆက်အသုံးပြုမှုကို အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) က ဦးစားပေး စဉ်းစားလျက်ရှိသည်။[၁၅၈] ဤဖြစ်ရပ်သည် အပြည်ပြည်ဆိုင်ရာအမြဲတမ်းတရားရုံး (PCIJ) ၏ သဘောထားကြေညာချက်နှင့်အတူ ဆက်လက်ရပ်တည် လျက်ရှိသည်။ အဆိုပါ သဘောထားကြေညာချက်တွင် အကြောင်းအရာသည် စာသားတစ်ခုအား ဖြစ်နိုင်ချေရှိသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု အမြောက်အများဖြစ်ပေါ်ခြင်းမှ ကန့်သတ်ပေးပြီး ရိုးရိုးအဓိပ္ပာယ်အပေါ် 'အပြီးသတ်ဖွင့်ဆိုမှု' ဖြစ်သည်။[၁၅၉]

လုံလောက်သည့် အခြားအဖွဲ့ဝင်နိုင်ငံများက သဘောတူထောက်ခံချက် မရရှိထားသည့် နိုင်ငံတစ်နိုင်ငံမှ တင်သွင်းသည့် ကျင့်သုံးပုံများကို အပြည်ပြည်ဆိုင်ရာဥပဒေ၏ အကြောင်းအရာတွင် ထည့်သွင်းထားခြင်း မရှိပါ။[၁၆၀] ၂၀၁၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာတရားရုံးသည် သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၁ (၃) (က) နှင့် (ခ) ကို ဝေလငါးကော်မရှင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ ထောက်ခံမှုဖြင့်မချမှတ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဝေလငါး ကော်မရှင် (International Whaling Commission) ၏ ဆုံးဖြတ်ချက်ကိစ္စရပ်တွင် အသုံးပြုရန် ငြင်းဆိုခဲ့သည်။[၁၆၁] နမ်မီးဘီးယားနိုင်ငံအပေါ် သဘောထားမှတ်ချက်ပြုရာတွင်တွင် ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို ထောက်ခံရန်အတွက် လုံခြုံရေးကောင်စီအမြဲတမ်း အဖွဲ့ဝင်နိုင်ငံများ၏ ကြားနေမဲအချို့ရှိခဲ့သော်ငြား ကောင်စီ၏ ဆောင်ရွက်ချက်ကို အပြည်ပြည်ဆိုင်ရာတရားရုံးက မှီငြမ်းကိုးကားခဲ့သည်။[၁၆၂]

နည်းစနစ်တကျ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုတွင် ချွတ်ယွင်းအားနည်းချက် အများအပြားရှိပါသည်။ ပထမအနေဖြင့် သဘောတူစာချုပ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၁ (၃) (ဂ) နှင့် ကဲ့သို့သော အကြောင်းအရာနှင့် ပတ်သက်၍ တရားသူကြီးများသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာထက် ကျော်လွန်ဆောင်ရွက်ရန် လိုအပ်ကြောင်း တစ်စုံတစ်ဦးက စောဒကတက်နိုင်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေ၏ ဗဟိုချုပ်ကိုင်မှုမရှိသည့် ဖန်တီးမှုကြောင့် နိုင်ငံများ၏ ကွဲပြားခြားနားသည့် အခွင့်အရေးနှင့် တာဝန်များအကြား အားပြိုင်မှုများ ဖြစ်လာနိုင်ချေ ရှိသည်။ နောင်ဖြစ်လာသည့် သဘောတူညီချက်များနှင့် နောင်ဖြစ်လာသည့်ကျင့်သုံးပုံများကို ထည့်သွင်းစဉ်းစားခြင်းဖြင့်

---

[၁၅၈] ICJ, Competence of the General Assembly for the Admission of a State to the United Nations, advisory opinion, ICJ Reports ၁၉၅၀, ၃ March ၁၉၅၀, ၄, at ၈. See also PCIJ, case concerning the Polish Postal Service in Danzig (Poland v. High Commissioner of the League of Nations and Free City of Danzig), advisory opinion, PCIJ Series B No ၁၁, ၁၆ May ၁၉၂၅, ၆, at ၃၉.

[၁၅၉] PCIJ, Competence of the ILO in Regard to International Regulation of the Conditions of the Labour of Persons Employed in Agriculture, advisory opinion, PCIJ Series B No ၃, ၁၂ August ၁၉၂၂, ၈, at ၂၃, ၃၅.

[၁၆၀] Regarding CIL, see the comments submitted by the United Kingdom, <legal.un.org/ docs/ ?path=../ ilc/ sessions/ ၆၆/ pdfs/ english/ icil_ uk.pdf&lang=E>, at ၄၄ (stating that 'it would be both inappropriate and undesirable for a domestic court to make a unilateral ruling, identifying a new rule of corporate liability based on customary international law'). See however Austria, <legal.un.org/ docs/ ?path=../ ilc/ sessions/ ၆၇/ pdfs/ english/ icil_ austria. pdf&lang=E>, p. ၂၀ (in favor of extending the scope of actors with the authority to contribute to the formation of CIL). For an example, see ICJ, case concerning Sovereignty Over Pulau Ligitan and Pulau Sipadan (Indonesia v. Malaysia), judgment, merits, ICJ Reports ၂၀၀၂, ၁၇ December ၂၀၀၂, ၆၂၅, at ၆၅၀, para ၄၇.

[၁၆၁] ICJ, case concerning Whaling in the Antarctic (Australia v. Japan; New Zealand intervening), judgment, ICJ Reports ၂၀၁၄, ၃၁ March ၂၀၁၄, ၂၂၆, at ၂၅၇, para ၈၃. On this judgment, see d'Aspremont, 'The International Court of Justice, the Whales, and the Blurring of the Lines Between Sources and Interpretation' (n ၂၂၄).

[၁၆၂] ICJ, case concerning the Legal Consequences for States of the Continuous Presence of South Africa in Namibia (South West Africa) Notwithstanding Security Council Resolution ၂၇၆ (၁၉၇၀), advisory opinion, ICJ Reports ၁၉၇၁, ၂၁ June ၁၉၇၁, ၁၆, at ၂၂, para ၂၂.

တရားသူကြီး များသည် ဥပဒေရေးဆွဲသူများ၏ မူလရည်ရွယ်ချက်များမှ သွေဖယ်နိုင်သည်။[၁၂၆၃] ထိုအခါ ဥပဒေကို လေးစားလိုက်နာရမည့် တရားသူကြီးများ၏ ဥပဒေတာဝန်နှင့် အငြင်းပွားဖွယ် ထိပ်တိုက်တွေ့ဆုံမှုများ ဖြစ်ပေါ်လာသည်။[၁၂၆၄] ထို့ကြောင့် ယခင်ကတည်းက ဖော်ပြထားသကဲ့သို့ (*supra* ၊ ၂.၂.၁) အသုံးချနိုင်မည့် ဥပဒေ ဆောင်ရွက်ချက် များအားလုံးကို အသိအမှတ်ပြုခြင်းသည် တရားသူကြီးများထံမှ လိုအပ်သည့် တာဝန်မ အတိအကျပင် ဖြစ်သည့် အတွက် အဆိုပါ ဆွေးနွေးငြင်းခုံမှုကို လှန်လျောနိုင်သည်။

ဒုတိယအချက်အနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ နည်းစနစ်တကျဖြစ်မှုသည် ဆွေးနွေးငြင်းခုံရန် လိုအပ်သည့် စံနှုန်းဆိုင်ရာတောင်းဆိုချက်ဖြစ်သည်ဟု တစ်ဦးတစ်ယောက်က အခိုင်အမာပြောနိုင်သည်။[၁၂၆၅] တရားသူကြီးများသည် 'အပြည်ပြည်ဆိုင်ရာဥပဒေဖွဲ့စည်းပုံစနစ်ကို တသမတ်တည်း ဖြစ်အောင် ဆောင်ရွက်သည့် ဗိသုကာပညာရှင်များ'[၁၂၆၆] ဖြစ်သည်ဟူသော ပြောဆိုချက်အဖြစ်လည်း အတူတူ အသုံးချသည်။ ထို့ကြောင့် ဤဆန့်ကျင်ချက်သည် နည်းစနစ်တကျ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသီအိုရီများကို ဦးတည်ချက်ထား ဆန့်ကျင်သည် (*supra* ၊ အခန်း ၂၊ ၅.၁)။ အပြည်ပြည်ဆိုင်ရာ ဥပဒေသည် စနစ်တစ်ခုလား (ဖြစ်သင့်လား) သို့မဟုတ် စနစ်တစ်ခု မဟုတ်ဘူးလားအပေါ် မယုံကြည်မှုသည်ပင် ပင်ကိုယ်အားဖြင့် နည်းစနစ်တကျ အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုပင် ဖြစ်သည်။

တတိယအချက်အနေဖြင့် အခြားဆက်စပ် အခြေခံသဘောတရားများကို 'ထည့်သွင်းစဉ်းစားရမည်'[၁၂၆၇] ဟူသည့် လိုအပ်ချက်နှင့် အကြောင်းအရာကို ချိတ်ဆက်ခြင်းဖြင့် မရေရာမသေချာမှုကို လုံလုံလောက်လောက် ဖြစ်စေပြီး တရားစီရင်ရေးစနစ်တွင် အညွှန်းနူးစနစ်ကို ဖြစ်ပေါ်နိုင်ချေ ရှိသည်ဟု စောဒကတက်ကြသည်။ အကြောင်းအရာသည် (သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၂ နှင့်အညီ) 'သုံးသပ်ချက် ၏ အခြေအနေများ' မှ အယူအဆရေးရာအရ ထင်ထင်ရှားရှား ကွဲပြားခြားနားသည့်အချက်ကို ဤတင်ပြချက်က အလေးမထားပေ။ ဥပမာအားဖြင့် သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၁ (၃) (ဂ) သည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ 'အဓိကသော့ချက်' အဖြစ် တင်စားခေါ်ဝေါ်သည်။[၁၂၆၈] သို့သော် ၎င်း၏ ဝေါဟာရ စကားလုံးသည် တရားရုံးများအား အပြည်ပြည်ဆိုင်ရာဥပဒေ၏ မည်သည့်ဖြစ်နိုင်ခြေရှိသောပြဋ္ဌာန်းချက်ကိုမျှ ထည့်သွင်း စဉ်းစားခြင်းကို ခွင့်မပြုချေ။

စတုတ္ထအချက်အနေဖြင့် အပြည်ပြည်ဆိုင်ရာဥပေဒဆောင်ရွက်ချက်နှင့် ၎င်း၏ အကြောင်းအရာအကြား တည်ရှိသည့် ရှေ့နောက်မညီညွတ်မှုသည် တခါတရံတွင် အချင်းချင်းအကြား စေ့စပ်ညှိနှိုင်းမရနိုင်ပေ။ ဤဆွေးနွေး ငြင်းခုံမှုက ထောက်ပြသည့် အခက်အခဲမှာ အကြောင်းအရာအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုတွင် အရင်းခံခြင်း

[၁၂၆၃] ICJ, case concerning Navigational and Related Rights (Costa Rica v. Nicaragua), judgment, merits, ICJ Reports ၂၀၀၉, ၁၃ July ၂၀၀၉, ၂၁၃, at ၂၄၂, para ၆၄.

[၁၂၆၄] ယခင်ကတည်းက ရှင်းလင်းတင်ပြပြီးသကဲ့သို့ ဤတာဝန်သည် အရင်းမူလအားဖြင့် ပြည်တွင်းတာဝန်ဖြစ်သော်လည်း နိုင်ငံများ၏ အပြည်ပြည်ဆိုင်ရာ တာဝန်များမှ ထွက်ပေါ်လာသည့် တာဝန်လည်း ဖြစ်နိုင်သည်။

[၁၂၆၅] Peter Staubach, 'The Interpretation of Unwritten International Law by Domestic Judges' in Helmut Philipp Aust and Georg Nolte (eds), The Interpretation of International Law by Domestic Courts: Unity, Diversity, Convergence (Oxford University Press ၂၀၁၆) ၁၂၀.

[၁၂၆၆] d'Aspremont, 'The Systemic Integration of International Law by Domestic Courts: Domestic Judges as Architects of the Consistency of the International Legal Order' (n ၁၁၉၁).

[၁၂၆၇] Art. ၃၁(၃) VCLT.

[၁၂၆၈] Campbell McLachlan, 'The Principle of Systemic Integration and Article ၃၁(၃)(c) of the Vienna Convention' (၂၀၀၅) ၅၄ International and Comparative Law Quarterly ၂၇၉, ၂၈၀– ၂၈၁.

မဟုတ်ဘဲ နည်းစနစ်တကျ စံနှုန်းသတ်မှတ်မှုသီအိုရီ၏ အကန့်အသတ်များကြောင့် ထွက်ပေါ်လာခြင်းကြောင့် ဖြစ်သည်။

အတိုချုံးအားဖြင့် အကြောင်းအရာအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အနက်အဓိပ္ပာယ်ဖွင့်မှုဆိုင်ရာ မေးခွန်းများအားလုံးကို မဖြေကြားနိုင်သော်လည်း နိုင်ငံများသည် အဘယ့်ကြောင့် အကြောင်းအရာအခြေပြု အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုကို ဆောင်ရွက်ရပြီး အပြည်ပြည်ဆိုင်ရာဥပဒေကို နိုင်ငံ့အခြေအနေနှင့် လျော်ညီအောင် ဘာကြောင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုရသည်ကို အကြောင်းပြချက် ကောင်းကောင်းဖြင့် ရှင်းပြခဲ့သည်။

၂.၃ ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ် ဖွင့်ဆိုမှု (teleological interpretation)

၂.၃.၁ ပြည်တွင်းဥပဒေ

ဥပဒေ၏ ရည်ရွယ်ချက်ကို 'ဥပဒေက ရရှိရန် ရည်မှန်းထားသည့် အကျိုးရလဒ်' အဖြစ် Savigny က အဓိပ္ပာယ်ဖွင့်ဆိုသည်။[၁၂၆၉] ရည်ရွယ်ချက်ရှိရှိအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ခွင်းချက်အနေဖြင့်သာမက 'သတိကြီးကြီးထား' ဆောင်ရွက်သင့်ကြောင်း စာရေးသူက စဉ်းစားခဲ့သည်။[၁၂၇၀] ယနေ့ခေတ် ဆွစ်ဇာလန်နိုင်ငံကဲ့သို့ ဥရောပဥပဒေ တရားစီရင်ရေးစနစ်များတွင် ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အခြား အနက်အဓိပ္ပာယ် ဖွင့်ဆိုသည့် နည်းလမ်းများနှင့် တန်းတူရပ်တည်လျက်ရှိသည်။ ထို့အပြင် အင်္ဂလိပ်ရိုးရာဥပဒေ တရားစီရင်ရေး စနစ်များတွင်လည်း ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို အသုံးပြုသည်။[၁၂၇၁] အချို့သော ပြည်တွင်း တရားသူကြီးများသည် ရည်ရွယ်ချက်အခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှု သီအိုရီများကို ထပ်ဆင့်အတည်ပြုပေးသည်။[၁၂၇၂]

အနက်အဓိပ္ပာယ်ဖွင့်ဆိုသူများသည် ဥပဒေဆိုင်ရာကျင့်သုံးမှု၏ ရည်ရွယ်ချက်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် ဘာ့ကြောင့် လိုအပ်ပါသလဲ? ပထမအနေဖြင့် ရည်ရွယ်ချက်အခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ဥပဒေပြုရေးဆိုင်ရာရွေးချယ်မှုများအပေါ် ဆုံးဖြတ်ချက်ချသည့် နည်းလမ်းပင်ဖြစ်သည်။ ဥပဒေပြုလွှတ်တော်သည် ရည်ရွယ်ချက် X ကိုရရှိရန်အတွက် ဥပဒေတစ်ခုကို ကျင့်သုံးရန် ရည်ရွယ်ထားသည်။ သို့သော် အဆိုပါ ရည်ရွယ်ချက်သည် Y ဖြစ်ကြောင်း အဆိုပါဥပဒေကျင့်သုံးမှုကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပါက ဥပဒေပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်ကို လျစ်လျူရှုခြင်းပင်ဖြစ်သည်။ ထို့နည်းအတိုင်းပင် ရည်ရွယ်ချက် X ကို ရွေးချယ်ပါက တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သူများသည် ဥပဒေ၏ ရည်ရွယ်ချက်ကို အလေးထား ခြင်းဖြစ်သည်။

တချိန်တည်းမှာပင် ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် လုပ်ငန်းစဉ်အတွင်း လိုက်လျောညီထွေရှိမှုကို ဥပဒေပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်အား မှေထားခြင်းမရှိဘဲ တဖြည်းဖြည်းချင်း သွတ်သွင်းပါသည်။ ဥပဒေပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်ကို ယေဘုယျဖြစ်ခြင်းဆိုင်ရာ လုံလောက်သည့် အဆင့်တစ်ခဟု အဓိပ္ပာယ်သတ်မှတ်ပါက ရည်ရွယ်ချက်အခြေပြုဝါဒသည် ဥပဒေပြဋ္ဌာန်းသည့် ရည်ရွယ်ချက်မှ ယေဘုယျအားဖြင့် သွေဖီခြင်းမရှိဘဲ အခြေအနေဝန်းကျင်အသစ်ကို ဖန်တီးပေးပါသည်။[၁၂၇၃]

[၁၂၆၉] von Savigny (n ၇၆၁) ၂၁၇.

[၁၂၇၀] See ibid ၂၂၀.

[၁၂၇၁] ဥပမာအားဖြင့် ဗြိတိန်နိုင်ငံတွင် ပြဋ္ဌာန်းဥပဒေအရအနက်အဓိပ္ပာယ်ဖွင့်ဆိုမှု၏ ထိခိုက်နစ်နာစေသည့်စည်းမျဉ်းသည် တရားသူကြီးများက အဆိုပါ ထိခိုက်နစ်နာစေမှုကို ရှာဖွေဖော်ထုတ်ရန် လိုအပ်သည်။ သို့မှသာ ထိခိုက်နစ်နာမှုကို ကုသရန်အတွက် ဥပဒေပြုခြင်းကို ပြဋ္ဌာန်းနိုင်မှုကို ဦးတည်စေမည်ဖြစ်သည်။ See The Interpretation of Statutes (n ၅၄) ၁၄.

[၁၂၇၂] Aharon Barak, Purposive Interpretation in Law (Princeton University Press ၂၀၀၅).

[၁၂၇၃] Some us scholars advocate reading the drafters' intentions at a higher level of generality, eg Lessig, 'Understanding Changed Readings: Fidelity and Theory' (n ၈၃၁); Lessig, 'Translating Federalism: United States v Lopez' (n ၈၃၁); Sunstein, 'Five Theses on Originalism' (n ၈၃၁).

ရည်ရွယ်ချက်အခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ပြဿနာ များစွာ ရှိသည်။ ပထမအချက် အနေဖြင့် ဥပဒေကျင့်သုံးမှုတစ်ခု၏ ရည်ရွယ်ချက်ကို သတ်မှတ်ခြင်းသည် သက်သေခံအချက်အလက်ဆိုင်ရာ အခက်အခဲ များ ဖြစ်ပေါ်လာသည်။ ဤအခြေအနေရှိ စိန်ခေါ်မှုတစ်ခုမှာ စုပေါင်း ရည်ရွယ်လုပ်ဆောင်မှုများဖြစ်သည်။ ဥပဒေပြုသူ များက စုပေါင်းမျှော်လင့်ထားသည့် ဘုံရည်ရွယ်ချက်ဆိုသည်မှာ ဘာလဲ? အကယ်၍ မည်သည့်ရည်ရွယ်ချက်ပင် ဖြစ်ပါစေ အဆိုပါရည်ရွယ်ချက်ကို မည်သို့ သေချာအောင် လေ့လာစိစစ်မလဲ? ဥပဒေ ကျင့်သုံးမှုများ၏ ရည်ရွယ်ချက် သည် ရှင်းရှင်းလင်းလင်း ဖော်ပြခြင်းမရှိနိုင်သလို ၎င်းကို ရှာဖွေဖော်ထုတ်ခြင်းသည် သဘောထားမတိုက်ဆိုင်မှု ကြီးကြီးမားမား ဖြစ်ပေါ်စေသည်။ ဒုတိယအချက်အနေဖြင့် သက်သေခံအချက်အလက် ဆိုင်ရာ အခက်အခဲနှင့် ပတ်သက်၍ ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ချုပ်တည်းကန့်သတ်မှု မရှိသည့်အတွက် အလွယ်တကူ ဝေဖန်ခံရနိုင်သည်။ ဥပဒေကျင့်သုံးမှု ရည်ရွယ်ချက်၏ ရေရာသေချာမှု မရှိခြင်းကြောင့် တရားသူကြီး များသည် ဥပဒေတွင် ၎င်းတို့၏ ကိုယ်ပိုင်တန်ဖိုးများကို ဖတ်ရှုခြင်းဖြင့် သဘောမတူညီမှု ဖြစ်လာနိုင်သည်။ ဤစိန်ခေါ်မှုအတွက် သရုပ်ဖော်ရမည်ဆိုပါက *Calder နှင့် Bull အမှုတွဲ* မှ တရားသူကြီး Chase နှင့် တရားသူကြီး Iredell တို့အကြား သဘာဝနိယာမအပေါ် ဆွေးနွေးငြင်းခုံရာတွင် သဘောမတူညီမှုပင် ဖြစ်သည်။[၁၂၇၄]

ထို့ကြောင့် ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အမြဲတမ်း တဖြောင့်တည်းသွားနေခြင်း မဟုတ်ဘဲ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းဆိုင်ရာ ရွေးချယ်မှုကို ဖန်တီးပေးသည်ဟူသောအချက်သည် အဆိုပါ ရည်ရွယ်ချက်အခြေပြုအနက်ဖွင့်ဆိုမှုနည်းလမ်းကို ဖျက်စီးသင့်ကြောင်း အဓိပ္ပာယ်မသက်ရောက်စေပါ။ တကယ်တမ်း ဆိုရသော် ရည်ရွယ်ချက်အခြေပြုဝါဒကို သတိဖြင့် ကိုင်တွယ်အသုံးပြုရမည်ဖြစ်ပြီး အခြားအနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းများနှင့်အတူ ပူးတွဲ အသုံးပြုသင့်သည်။

၂.၃.၂ အပြည်ပြည်ဆိုင်ရာဥပဒေ

ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အပြည်ပြည်ဆိုင်ရာဥပဒေတွင်လည်း ထင်ရှားသည်။ ၎င်းသည် သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၁ (၁) တွင် ဖော်ပြထားသည့် သဘောတူစာချုပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများအနက် တတိယနည်းလမ်း ဖြစ်သည်။ သဘောတူစာချုပ်ပါ အကြောင်းအရာ နှင့် အဆိုပါအကြောင်းအရာမှတဆင့် အဖွဲ့ဝင်နိုင်ငံများက ရယူရန်လိုလားသည့် စာချုပ်၏ ရည်မှန်းချက်ပန်းတိုင် ဟူသော သဘောတူစာချုပ်၏ ထင်ထင်ရှားရှား ကွဲပြားသည့် အယူအဆဆိုင်ရာ အင်္ဂါရုပ်နှစ်ခုအပေါ် သဘောတူ စာချုပ်၏ 'အကြောင်းအရာနှင့် ရည်ရွယ်ချက်'က ရည်ညွှန်းကြောင်း အချို့စာရေးသူများက ဆွေးနွေးပါသည်။[၁၂၇၅] သို့သော် အဆိုပါ ကွဲပြားခြားနားမှုသည် အပြည်ပြည်ဆိုင်ရာ ဥပဒေ ကျင့်သုံးရာတွင် မည်သည့်ကွာခြားမှုမျှ မရရှိစေပါ။ ရည်ရွယ်ချက်အခြေပြုဝါဒနှင့် ဆက်စပ်သည့် အခြားပြဿနာချက်မှာ သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာ ကွန်ဗင်းရှင်း၏ အပိုဒ် ၃၁ (၃) (ခ) ဖြစ်သည်။ နောက်ဆက်တွဲ သဘောတူစာချုပ် ရေးဆွဲချမှတ် (ပြောင်းလဲလာသည့် ဝန်းကျင်အခြေအနေအရ) ဆောင်ရွက်ရန် အဆိုပါ အပိုဒ်သည် ခွင့်ပြုပေးသည်။[၁၂၇၆] ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ၁၉၃၅ ခုနှစ်က ရေးဆွဲခဲ့သည့် သဘောတူစာချုပ်များဆိုင်ရာ ဟားဗတ်ကွန်ဗင်းရှင်း မူကြမ်းတွင် ဖော်ပြသည့် ပထမဦးဆုံးနည်းလမ်းဖြစ်ပြီး အဆိုပါ မူကြမ်းတွင် နှစ်ကြိမ်တိတိ အသားပေး ဖော်ပြခဲ့သည်။[၁၂၇၇] အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေကို စနစ်တကျ လေ့လာစိစစ်ရာတွင်လည်း ၎င်းအနက်အဓိပ္ပာယ်ဖွင့်ဆိုသည့်နည်းလမ်းသည် သင့်လျော်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်၏ သုံးသပ်ချက်မူကြမ်းများတွင် 'ရည်ရွယ်ချက်' ဆိုင်ရာအယူအဆကို ဖော်ပြခြင်းမရှိသော်လည်း အပြည်ပြည်ဆိုင်ရာ

[၁၂၇၄] Calder v. Bull, ၃ U.S. ၃၈၆ (၁၇၉၈).

[၁၂၇၅] Buffard and Zemanek (n ၁၁၅၄) ၃၂၅– ၃၂၆. Contra Hervé Ascensio, 'Article ၃၁ of the Vienna Conventions on the Law of Treaties and International Investment Law' (၂၀၁၆) ၃၁ ICSID Review ၃၆၆, ၃၇၀.

[၁၂၇၆] Fitzmaurice, 'The Law and Procedure of the International Court of Justice, ၁၉၅၁– ၄: Treaty Interpretation and Other Treaty Points' (n ၁၀၀၆) ၂၁၀.

[၁၂၇၇] Art. ၁၉(a), 'Harvard Draft Convention on the Law of Treaties' (n ၁၁၉၇).

ဓလေ့ထုံးတမ်းဥပဒေကို စနစ်စကျလေ့လာစိစစ်သော်အခါ 'အကြောင်းအရာအကျဉ်းချုပ်၊ *သဘာဝနိယာမ* နှင့် မေးခွန်းထဲမှ သက်သေအချက်အလက်များရရှိနိုင်သည့် တသီးတသန့်အခြေအနေတို့အပေါ် အလေးအနက်ထားရမည်' ဟု သုံးသပ်ချက်ပြုခဲ့သည် (ထပ်မံအလေးပေးမှု)။[၁၂၇၈] ၎င်း၏ ရည်ရွယ်ချက်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အကြောင်းအရာ၏ သဘာဝကို အဓိပ္ပာယ်သတ်မှတ်၍ မရနိုင်သကဲ့သို့ (အပြန်အလှန်အားဖြင့် အကြောင်းအရာ၏ သဘာဝကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ရည်ရွယ်ချက်ကို သတ်မှတ်၍ မရနိုင်သကဲ့သို့) သုံးသပ်ချက်မူကြမ်းသည် ရည်ရွယ်ချက်အခြေပြုမှုဆိုင်ရာ စဉ်းစားရမည့်အချက်ကို ဖြစ်ပေါ်စေသည်။[၁၂၇၉] ကျင့်သုံးမှုတစ်ခုသည် နိုင်ငံအချင်းချင်းကြား ဆက်ဆံရေးကို သက်ရောက်မှုရှိ မရှိကို ပိုင်းခြားလေ့လာရန် သင့်လျော်သည့် အခြေခံသဘောတရားအဖြစ် 'ကျင့်သုံးပုံ သဘောသဘာဝ' ကို အပြည်ပြည်ဆိုင်ရာဥပဒေအဖွဲ့က ဖော်ပြပါသည်။ အဆိုပါဖော်ပြချက်သည် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေ၏ လိုလားချက်နှင့် ဆန့်ကျင်လျက်သည်။[၁၂၈၀] နောက်ဆုံးအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျသဘောတရားများကို ရှာဖွေသတ်မှတ်ရန်အတွက် ရည်ရွယ်ချက်အခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။ ပြည်တွင်းကျင့်သုံးမှုများမှ ယေဘုယျသဘောတရားများကို ထုတ်နှုတ်ခြင်းသည် အဆိုပါကျင့်သုံးမှုများက ရရှိရန်ရည်ရွယ်ထားသည့် ရည်မှန်းချက်ပန်းတိုင်ကို ထင်ဟပ်ပေါ်လွင်စေရန် လိုအပ်ကြောင်း ပညာရှင်များက သတိပြုမိကြသည်။[၁၂၈၁] အပြည်ပြည်ဆိုင်ရာဥပဒေက သတ်မှတ်သည့် နယ်ပယ်၏ ရည်ရွယ်ချက်ကို စဉ်းစားဆုံးဖြတ်ရာတွင် အဆိုပါယေဘုယျသဘောတရားများထွက်ပေါ်လာသည့် နယ်ပယ်တွင်သာ အခြေပြုစဉ်းစားရမည်ဖြစ်သည် ကိုအပြည်ပြည်ဆိုင်ရာရင်နှီးမြှုပ်နှံမှု ဥပဒေ၏ ယေဘုယျသဘောတရားများကို လေ့လာဆန်းစစ်သူ Stephan Schill က ဆွေးနွေးသည်။[၁၂၈၂] အဆိုပါအချက်ကို Sir Arnold McNair က *South- West Africa* အမှုတွဲပါ ဖော်ပြချက်ကို အမြဲ ကိုးကားရင်း ထပ်မံ အတည်ပြုသည်။ အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျသဘောတရားဖြစ်သည့် 'ရိုနှင့် ပြီးသား ဥပဒေကို အဆင်သင့် သွတ်သွင်း၍ အသုံးပြုခြင်း' ကဲ့သို့ ပြည်တွင်းဥပဒေအယူအဆများကို အပြည်ပြည်ဆိုင်ရာ ဥပဒေအတွင်းသို့ 'တိုက်ရိုက် ထည့်သွင်းခြင်း[ထည့်သွင်းခဲ့ခြင်း]' မပြုသင့်သည့် ဥပဒေအယူအဆကို အဆိုပါအမှုတွဲတွင် ဖော်ပြထားသည်။ ထို့အစား ပြည်တွင်းဥပဒေ အယူအဆများ၏ ဆင်တူယိုးမှားဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အင်္ဂါရုပ်များကို 'မူဝါဒနှင့် အခြေခံမူများအတွက် ရည်ညွှန်းကိုးကားမှုတစ်ခုအဖြစ်' မှတ်ယူသင့်သည်။[၁၂၈၃]

ရည်ရွယ်ချက်အခြေပြုသဘောတရားကို သဘောတူစာချုပ်များ လက်တွေ့ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တသီးတသန့် တင်ပြထားသည်။ ဥပမာအားဖြင့် သဘောတူစာချုပ်ဆိုင်ရာဥပဒေနှင့် ပတ်သက်သည့် ဆွစ် စီရင်ထုံးဥပဒေတွင်လည်း ၎င်းရည်ရွယ်ချက်အခြေပြုသဘောတရားကို ရံဖန်ရံခါ ဖော်ပြလေ့ရှိပြီး[၁၂၈၄] အခြား ပြည်တွင်းတရားရုံးများတွင်လည်း ဖော်ပြကြသည်။[၁၂၈၅] သဘောတူစာချုပ်များဆိုင်ရာ ဟားဗက်ကွန်ဗင်းရှင်းမူကြမ်းတွင် ရည်ရွယ်ချက်အခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို ဗဟိုပြုထားသည်။[၁၂၈၆] အပြည်ပြည်ဆိုင်ရာ တရားရုံးများသည်

[၁၂၇၈] Draft conclusion ၃(၁) in ILC, 'Draft Conclusions on Identification of Customary International Law, With Commentaries' (n ၈၉၁).

[၁၂၇၉] See also Yves Le Bouthillier's argument pursuant to which the 'nature of the treaty', ie, the purpose for which it was concluded, is a circumstance of conclusion of the treaty as per art. ၃၂ VCLT: Le Bouthillier (n ၁၁၈၅) ၈၆၀.

[၁၂၈၀] ILA Committee on Formation of Customary (General) International Law (n ၈၈၆) ၃၅.

[၁၂၈၁] Ellis (n ၁၂၀၃) ၉၅၉ ff.

[၁၂၈၂] Schill (n ၁၂၀၄) ၁၄၈.

[၁၂၈၃] Separate opinion of Sir Arnold McNair in ICJ, case concerning the International Status of South- West Africa, advisory opinion, ICJ Reports ၁၉၅၀, ၁၁ July ၁၉၅၀, ၁၄၆, at ၁၄၈.

[၁၂၈၄] See the references in Besson and Ammann (n ၉၇) ၃၄၁ f.

[၁၂၈၅] Fatima (n ၄၅) ၁၁၈ ff; Waibel, 'Principles of Treaty Interpretation: Developed for and Applied by National Courts?' (n ၁၈၃) ၂၃, ၂၅.

[၁၂၈၆] 'Article ၁၉. Interpretation of Treaties' (n ၁၂၁) ၉၃၈.

သဘောတူစာချုပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ရည်ရွယ်ချက်အခြေပြုဝါဒကို ကြိမ်ဖန်များစွာ အသုံးပြုပါသည်။[၁၂၈၇] ဥပမာအနေဖြင့် IOS က အခွင့်အာဏာအတွက် အသုံးပြုသည့် အယူဝါဒဆိုင်ရာ မူဘောင်တွင် အပြည်ပြည်ဆိုင်ရာအမြဲတမ်းတရားရုံး (PCIJ) က ရည်ရွယ်ချက်အခြေပြုဝါဒအပေါ် မှီတည်နေပြီး[၁၂၈၈] IOS က ပြဋ္ဌာန်းထားသည့် သဘောတူစာချုပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ၎င်းရည်ရွယ်ချက်အခြေပြုဝါဒကို များစွာ မှီငြမ်းကိုးကားထားပါသည်။[၁၂၈၉] နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူစာချုပ်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်း ရည်ရွယ်ချက်အခြေပြုဝါဒသည် အများဆုံးတွေ့ရှိရသည့် နည်းလမ်းဖြစ်သည်။[၁၂၉၀] ဤကဲ့သို့ အခြေအနေတွင် 'စိတ်ခံစားချက်ကြောင့် အလိုအလျောက်ဖြစ်ပေါ်လာသည့် ဆက်စပ်ပတ်သက်မှု'[၁၂၉၁] အပေါ် ပညာရှင်များက အသားပေးဖော်ပြကြသည်။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး (ECtHR)[၁၂၉၂] နှင့် လူ့အခွင့်အရေးဆိုင်ရာ အင်တာအမေရိကန်တရားရုံး (IACtHR) တို့ကဲ့သို့သော လူ့အခွင့်အရေးဆိုင်ရာ တရားရုံးများ အပါအဝင် အပြည်ပြည်ဆိုင်ရာ တရားရုံးအချို့က ရည်ရွယ်ချက်အခြေပြုနည်းလမ်းကို ပြသပါသည်။[၁၂၉၃] နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေကို အဓိပ္ပာယ်သတ်မှတ်ရာတွင် ရည်ရွယ်ချက်အခြေပြု စဉ်းစားမှုများ ကို ရွေးချယ်အသုံးပြုကြသည်။ ဥပမာ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေကို စိစစ်ရာတွင် ရည်ရွယ်ချက် အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို ဂျာမနီနိုင်ငံ ဖက်ဒရယ်အခြေခံဥပဒေဆိုင်ရာ တရားရုံး (BVerfG)[၁၂၉၄] သာမက ဆွစ်ဇာလန်နိုင်ငံတရားရုံးများကလည်း အသုံးပြုလျက်ရှိကြသည်။[၁၂၉၅] နောက်ဆုံးတွင် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျ သဘောတရားများသည် အနက်အဓိပ္ပာယ်အခြေပြုဝါဒအပေါ် မှီတည် နေပါသည်။ အဆိုပါ ယေဘုယျ သဘောတရားများကို ပြည်တွင်းဥပဒေ၏ အခြေခံရည်ရွယ်ရင်းအကြောင်းတရား (*ratio legis*)နှင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ တိကျမှုများအပေါ် အခြေခံထားခြင်းအတွက် စနစ်တကျ လေ့လာစိစစ်ရမည် ဖြစ်သည်။[၁၂၉၆]

အပြည်ပြည်ဆိုင်ရာဥပဒေကျင့်သုံးမှုများ၏ ရည်ရွယ်ချက်နှင့် အကြောင်းအရာကို ဘာ့ကြောင့် အသုံးပြုရပါသလဲ? ပထမအချက်အနေဖြင့် ဤနည်းလမ်းသည် ဥပဒေကိုလေးစားလိုက်နာရမည် ဖြစ်သည်ဟူသော တရားသူကြီးများ၏ တာဝန်နှင့် ကိုက်ညီပါသည်။ ရည်ရွယ်ချက်အခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် 'ပင်ကို အသိဉာဏ်နှင့် ရိုးဖြောင့်သောစိတ် နှစ်မျိုးစလုံး' လိုအပ်ကြောင်း အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်က စဉ်းစားသည်။[၁၂၉၇] အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် 'အရမ်းသိသာထင်ရှားသည့် ကျိုးကြောင်းဆီလျော်မှုမရှိခြင်း သို့မဟုတ်

[၁၂၈၇] Sorel and Boré- Eveno (n ၁၀၄၄) ၈၃၂ ff.

[၁၂၈၈] Eg PCIJ, Competence of the ILO to Regulate, Incidentally, the Personal Work of the Employer, advisory opinion, PCIJ Series B No ၁၃, ၂၃ July ၁၉၂၆, ၆, at ၁၈.

[၁၂၈၉] On this topic, see Denys Simon, L'interprétation judiciaire des traités d'organisations internationales : morphologie des conventions et fonction juridictionnelle (Pedone ၁၉၈၁); Brölmann (n ၁၂၀၅).

[၁၂၉၀] Some authors advocate applying the 'living instrument' metaphor beyond IHRL, eg Moeckli and White (n ၁၂၅၁).

[၁၂၉၁] Sorel and Boré- Eveno (n ၁၀၄၄) ၈၃၃.

[၁၂၉၂] Eg ECtHR, Al- Saadoon and Mufdhi v. United Kingdom, App No ၆၁၄၉၈/ ၀၈ (ECHR Reports ၂၀၁၀), ၂ March ၂၀၁၀, at para ၁၂၇.

[၁၂၉၃] See also ICJ, case concerning Reservations to the Convention on the Prevention and Punishment of the Crime of Genocide, advisory opinion, ICJ Reports ၁၉၅၁, ၂၈ May ၁၉၅၁, ၁၅, at ၂၃ f.

[၁၂၉၄] Staubach (n ၁၂၆၅) ၁၂၀ f.

[၁၂၉၅] BGer, judgment ၁A.၆၃/ ၂၀၀၂ of ၉ April ၂၀၀၂, at ၂.၁.

[၁၂၉၆] ICTY (Trial Chamber ii), Prosecutor v. Anto Furundžija, judgment, Case No it- ၉၅- ၁၇/ ၁- t, ၁၀ December ၁၉၉၈, para ၁၇၈. See also the separate and dissenting opinion of Judge Stephen in ICTY (Appeals Chamber), Prosecutor v. Dražen Erdemović, judgment, Case No IT- ၉၆- ၂၂- A, ၇ October ၁၉၉၇, para ၆၃.

[၁၂၉၇] ILC, 'Draft Articles on the Law of Treaties With Commentaries' (n ၇၈၃) ၂၂၁.

မပြတ်သားသည့် ရလဒ်' ထွက်ပေါ်လာမှု ရှိ မရှိ စစ်ဆေးရာတွင် အဆိုပါ ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုသည် အမြဲလိုအပ်ကြောင်း Yves Le Bouthillier က မှတ်ချက်ပြုသည် (သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၂ အရ)။[၁၂၉၈] အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုများမှတဆင့် ဥပဒေ ကျင့်သုံးမှုတစ်ခု၏ ရည်ရွယ်ချက်ကို ဖျက်ဆီးသည့် တရားသူကြီးများသည် ဥပဒေကို အလေးမထားဘဲ လျစ်လျူရှုခြင်းပင် ဖြစ်သည်။ ဥပမာအားဖြင့် ဥပဒေနယ်ပယ်တစ်ခုကို ပေါင်းစည်းခြင်း သို့မဟုတ် သဟဇာတဖြစ်အောင် ပြုလုပ်သည့် သဘောတူ စာချုပ်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များကဲ့သို့ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း မပြုနိုင်ပေ။[၁၂၉၉] အဆိုပါ လူ့အခွင့်အရေးသဘောတူ စာချုပ်များသည် အောက်ခြေမှ လွှမ်းမိုးချုပ်ကိုင်သည့်စနစ် သဘောတရားရှိပြီး ၎င်းစာချုပ်များ၏ ရည်ရွယ်ချက်များသည်လည်း ကွဲပြား ခြားနားပါသည်။ ဒုတိယအချက်အနေဖြင့် (နည်းလမ်းများအကြား ဆက်သွယ် ချိတ်ဆက်ရန် မလိုအပ်လျှင်တောင်မှ) ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုသည် အနက်အဓိပ္ပာယ် ဖွင့်ဆိုမှု ဖြစ်စဉ်ကို ဆင့်ကဲတိုးတက် ပြောင်းလဲ လာစေရန် လမ်းဖွင့်ထားသည်။ စာသား၏ မူရင်းအဓိပ္ပာယ်က ကန့်သတ်ချုပ်ချယ်ခြင်းခံရသော်ငြား တရားသူကြီးများသည် အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုဝါဒဖြင့် လူမှုရေးရာလိုအပ်ချက်များနှင့် အခြေအနေများကို ထည့်သွင်းစဉ်းစားနိုင်သည် (သို့ရာတွင် ရည်ရွယ်ချက်အခြေပြုဝါဒသည် မျှော်မှန်းထားသည့် ရည်ရွယ်ချက်အပေါ် အခြေခံအားဖြင့် စွဲကိုင်ထားသည့် အတွက်ကြောင့် အငြင်းပွားဖွယ် ဖြစ်နိုင်သည်)။

ရည်ရွယ်ချက်အခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို နည်းလမ်းပေါင်းစုံဖြင့် ဝေဖန်နိုင်သည်။ အလေးပင်ဆုံး အခက်အခဲမှာ အကြောင်းအရာနှင့် ရည်ရွယ်ချက်တို့၏ အယူအဆဆိုင်ရာ 'နားလည်ရန်ခက်ခဲမှု' မှဖြစ်ပေါ်လာသော အဓိပ္ပာယ်ရှင်းလင်းတိကျမှုမရှိခြင်းပင် ဖြစ်သည်။[၁၃၀၀] ၎င်းရှင်းလင်းတိကျမှုမရှိခြင်းကို သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အကြောင်းအရာတွင်လည်း တွေ့ရှိရကြောင်း စာရေးသူအများစုက သတိပြုမိကြသည်။[၁၃၀၁] သဘောတူစာချုပ်၏ အဓိက အကြောင်းအရာနှင့် ရည်ရွယ်ချက်သည် ၎င်းစာချုပ်ပါ ပြဋ္ဌာန်းချက်တစ်ခုချင်းစီ၏ အကြောင်းအရာနှင့် ရည်ရွယ်ချက်များနှင့် အားပြိုင်မှုဖြစ်နိုင်သည်။ ထို့အပြင် သဘောတူစာချုပ်တစ်ခုတွင် ရည်မှန်းချက်ပန်းတိုင်များစွာ ရှိနိုင်သည်။[၁၃၀၂] သို့ဖြစ်၍ အကြောင်းအရာနှင့် ရည်ရွယ်ချက်ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုသည့် နည်းလမ်းအပေါ် ဥပဒေပြုရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သူများ၏ ပုဂ္ဂလိကအမြင်များက လွှမ်းမိုးနိုင်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျသဘောတရားများကို စနစ်တကျ လေ့လာစိစစ်ရာတွင် အသုံးပြုသည့် ရည်ရွယ်ချက်အခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုတွင်လည်း အလားတူပင်ဖြစ်သည်။[၁၃၀၃] အဆိုပါ ကန့်ကွက်ချက်ကို ပြင်းပြင်းထန်ထန် ပြုလုပ်သည်။ ရည်ရွယ်ချက်အခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို သတိဖြင့် အမှန်တကယ် အသုံးပြုရမည်ဖြစ်ပြီး ၎င်းသည် ဥပဒေပြုရေးဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အခြေခံအဖြစ် မဖြစ်တည် စေရပါ။[၁၃၀၄] ရည်ရွယ်ချက်အခြေပြုဝါဒအားလုံးကို စွန့်ပစ်ရမည်ဟု မဆိုလိုပါ။ အမှန်တကယ်ဆိုရလျှင်မူ ရည်ရွယ်ချက်

[၁၂၉၈] Le Bouthillier (n ၁၁၈၅) ၈၅၀.

[၁၂၉၉] Eg the Convention for the Unification of Certain Rules Relating to International Carriage by Air of ၁၂ October ၁၉၂၉, or the un Convention on Contracts for the International Sale of Goods of ၁၁ April ၁၉၈၀.

[၁၃၀၀] Buffard and Zemanek (n ၁၁၅၄).

[၁၃၀၁] Jan Klabbers, 'Some Problems Regarding the Object and Purpose of Treaties' (၁၉၉၇) ၈ Finnish Yearbook of International Law ၁၃၈. See the eight different uses of 'object and purpose' highlighted by David S Jonas and Thomas N Saunders, 'The Object and Purpose of a Treaty: Three Interpretive Methods' (၂၀၁၀) ၄၃ Vanderbilt Journal of Transnational Law ၅၆၅.

[၁၃၀၂] For an example, see ICJ, case concerning Kasikili/ Sedudu Island (Botswana v. Namibia), judgment, merits, ICJ Reports ၁၉၉၉, ၁၃ December ၁၉၉၉, ၁၀၄၅, at ၁၀၇၄, para ၄၅.

[၁၃၀၃] Ellis (n ၁၂၀၃) ၉၅၉ f.

[၁၃၀၄] For a similar argument, see Besson and Ammann (n ၉၇) ၃၄၉.

အခြေပြုဝါဒက သတ်မှတ်ဖော်ထုတ်နိုင်သည့် အကြောင်းအရာနှင့် ရည်ရွယ်ချက်ကို နိုင်ငံများက အမှန်တကယ် ရရှိကြောင်း တရားသူကြီးများက သရုပ်ဖော်ပြသရမည် ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အဖွဲ့ဝင်နိုင်ငံများ၏ မူလရည်ရွယ်ချက်ကို အလေးမထားခြင်းကြောင့် ဝေဖန်ခံရလေ့ရှိသည်။[၁၃၀၅] ဥပမာအားဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပ တရားရုံး (ECtHR) က လူ့အခွင့်အရေးဆိုင်ရာ ဥရောပ ကွန်ဗင်းရှင်း (ECHR) ၏ စာသားကို အဖွဲ့ဝင်နိုင်ငံများ၏ မူလရည်ရွယ်ချက်အပေါ်အခြေပြုပြီး မူရင်းအတိုင်း အနက်အဓိပ္ပာယ်မဖွင့်ဆိုသင့်ဟု ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို အသုံးပြု၍ အကြောင်းပြသည်။[၁၃၀၆] ဤအခြေအနေသည် အဖွဲ့ဝင်နိုင်ငံများဘက်မှ သံသယရှိခြင်း ဖြစ်ပေါ်နိုင်သည်။ သို့သော် ရည်ရွယ်ချက်အခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် စိတ်ကူးကြွရွယ်မှု အသားပေးခြင်း (purposivism) ကို မလိုအပ်ပါ။ ထို့အပြင် ဥရောပကွန်ဗင်းရှင်းအား ဆင့်ကဲအနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်းဖြင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုအတွက် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး (ECtHR) ၏ အကြောင်းပြချက်ကို လွဲမှားစွာသရုပ်ဖော်ပြလေ့ရှိသည်။ အကြောင်းအရာ ကိစ္စရပ်အလိုက် ပေါ်ပေါက်လာသည့် 'ဥရောပစတိုင် အများဆန္ဒဖြင့် သဘောတူညီမှုနည်းလမ်း' ကြောင့် ဆင့်ကဲအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို ကိစ္စရပ်အများစုအတွက် အသုံးပြုခွင့်ပြုပါသည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးများကို ကာကွယ်ရန်အတွက် နိုင်ငံများ၏ (လက်ရှိ) အကောင်အထည်ဖော်လျက်ရှိသည့် မျှော်မှန်းချက်များသာမက နိုင်ငံများ၏ အတိတ်ကာလ မျှော်မှန်းချက် များနှင့်ပါ ချိတ်ဆက်ထားခြင်း မရှိခြင်းမျိုး မရှိပေ (နိုင်ငံများ၏ အတိတ်ကာလ မျှော်မှန်းချက်ကို အလွန်ကျဉ်းမြောင်းစွာ အဓိပ္ပာယ်သတ်မှတ်လေ့မရှိပါ)။ နဂိုမူလရေးသားထားစဉ်အတိုင်းနားလည်ခြင်း (originalism) နှင့် စိတ်ကူးကြွရွယ်မှု အသားပေးခြင်း (purposivism) နှစ်ခုစလုံးသည် ဆွေးနွေးရမည့် စံနှုန်းအခြေပြု အနက်အဓိပ္ပာယ်သီအိုရီများ ဖြစ်သည်။ ရည်ရွက်ချက်အခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို အသုံးပြုခြင်းကို ပင်ကိုယ်အားဖြင့် မည်သည့်အရာကမျှ တားဆီးမပိတ်ပင်နိုင်ပါ။

အနှစ်ချုပ်ရသော် အပြည်ပြည်ဆိုင်ရာဥပဒေ နယ်ပယ်တွင် ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ဓလေ့ထုံးတမ်းနှင့် ကောင်းမွန်ပြည့်စုံသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်းဖြစ်သည်ဟူသော အကြောင်းပြချက်ကောင်းများ ရှိသည်။ သို့ရာတွင် အဆိုပါနည်းလမ်း၏ ကောင်းကျိုးများကြောင့် ၎င်းတို့တွင် အကန့်အသတ်များရှိကြောင်းကိုလည်း ပိတ်ပင်ကန့်သတ်ခြင်းမရှိဘဲ ဥပဒေပြုရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သူများအား သိရှိစေရမည်။

၂.၄ သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုတို့ (Historical Interpretation)

၂.၄.၁ ပြည်တွင်းဥပဒေ

ဥပဒေတစ်ခု စတင်သက်ဝင် အကျိုးသက်ရောက်မှုရှိချိန်တွင် လွှမ်းမိုးသည့် အခြေအနေအကြောင်းတရားများအပေါ် မှီခိုအားထားမှုအဖြစ် သမိုင်းကြောင်းအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို Savigny က အဓိပ္ပာယ်ဖွင့်ဆိုသည်။[၁၃၀၇] Savigny ၏ လေ့လာမှုအရ ဆွစ်ဇာလန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့၏ ဥပဒေစနစ်ကဲ့သို့ ဥရောပ ဥပဒေစနစ်များသည် အချက်အလက်ဆိုင်ရာ (objective) သမိုင်းကြောင်းအခြေပြု နှင့် အမြင်သဘောထားဆိုင်ရာ (subjective) သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုများအကြား ခွဲခြားထားသည်။[၁၃၀၈] အဆိုပါ ကွဲပြားခြားနားမှုသည် အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေရှိ စာသားအခြေပြုဝါဒနှင့် ရည်ရွယ်ချက်အခြေပြုဝါဒအကြား ကွဲပြားမှုကို အကြမ်းဖျင်း ထင်ဟပ်စေသည်။ အင်္ဂလိပ်ရိုးရာဥပဒေဆိုင်ရာ ဥပဒေပြုစနစ်များတွင်လည်း သမိုင်းကြောင်းအခြေပြု

[၁၃၀၅] Fitzmaurice, 'The Law and Procedure of the International Court of Justice, ၁၉၅၁– ၄: Treaty Interpretation and Other Treaty Points' (n ၁၀၀၆) ၂၀၄, ၂၀၇ f.

[၁၃၀၆] On the ECtHR's approach to interpretation, see for example Letsas (n ၇၉) ၅၈ ff.

[၁၃၀၇] von Savigny (n ၇၆၁) ၂၁၄.

[၁၃၀၈] Fleischer (n ၁၅၆) ၄၀၄ ff.

အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ထင်ရှားကျော်ကြားသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းတစ်ခု ဖြစ်သည် (သို့ရာတွင် ပြည်နယ်အချို့တွင်မူ ဆွေးနွေးငြင်းခုံကြသည်)။ အမေရိကန်ပြည်ထောင်စုတွင် နဂိုမူလရေးသားထားစဉ်အတိုင်းနားလည်ခြင်း (originalism) (နှင့် ၎င်း၏ ပုံစံခွဲတစ်ခုဖြစ်သည့် ရည်ရွယ်ချက်အခြေပြု ဝါဒ)[၁၃၀၉] သည် သိသာထင်ရှားသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု သီအိုရီဖြစ်သည်။ ဥပဒေပြုခြင်းဆိုင်ရာ သမိုင်းကြောင်းက ပြဋ္ဌာန်းဥပဒေကို စနစ်တကျလေ့လာစိစစ်ရာတွင် ပိုမို သင့်လျော်ကြောင်း အင်္ဂလိပ်တရားရုံးများက လက်ခံထားသည်။ သို့သော် ထိုလက်ခံမှုကို ၁၉၉၂ မတိုင်ခင်အထိ ခွင့်မပြုခဲ့ပေ။[၁၃၁၀] ဤနည်းလမ်းအသုံးပြုရန်အတွက် အခြေအနေများသည် အငြင်းပွားဖွယ်ဖြစ်နေသေးသည်။[၁၃၁၁] ကြိုတင်ပြင်ဆင်ဆောင်ရွက်ချက်အပေါ် အားကိုးအားထားပြုခြင်းသည် လက်သင့်ခံနိုင်သည်ဟု တရားဥပဒေပြုရေးစနစ်အများစုက စဉ်းစားထားသော်လည်း ၎င်းကို အသုံးပြုသော အခြေအနေအပေါ်မူတည်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့်နည်းလမ်းများ ကွဲပြားခြားနားပါသည်။[၁၃၁၂]

အနည်းဆုံးအဖြစ်အချို့အခြေအနေများတွင် တရားသူကြီးများသည် ဥပဒေပြုသည့်သမိုင်းကြောင်းကို ဘာကြောင့် ဆွေးနွေးသင့်သည့် အဓိကအကြောင်းပြချက်ကို ဖော်ပြထားသည်။ အကယ်၍ တရားသူကြီးများသည် ဥပဒေ ပြဋ္ဌာန်းသည့် ရည်ရွယ်ချက်ကို လေးစားမှသာလျှင် တရားဥပဒေကို လေးစားလိုက်နာရမည့် ၎င်းတို့၏ တာဝန်ကို အကောင်းဆုံးထမ်းဆောင်နိုင်မည်ဟူသည့် အကြောင်းပြချက်ပင် ဖြစ်သည်။ ဥပဒေပြုရေးဆိုင်ရာသမိုင်းကြောင်းကို အသုံးပြုခြင်းသည် ထိုသို့ဆောင်ရွက်ရာတွင် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။

အခြားတဖက်တွင်လည်း သမိုင်းကြောင်းလေ့လာမှုနည်းလမ်းသည် ဝေဖန်ဆန်းစစ်မှုများကို ထိခိုက်ခံစားရမည်ဖြစ်သည်။ ပထမအချက်မှာ သက်သေခံအချက်အလက်ဆိုင်ရာ အခက်အခဲများပင် ဖြစ်သည်။ ကျိုးကြောင်းဆီလျော်ပြီး တူညီသည့် ဥပဒေပြုရေးရည်ရွယ်ချက်ရှိသည်ဟု ယူဆပါက သမိုင်းဆိုင်ရာ သက်သေအချက်အလက်ကို လေ့လာဆန်းစစ်၍ စနစ်တကျ ပြုစုမည့် နည်းလမ်းများစွာ ရှိပါသည်။[၁၃၁၃] ထို့ကြောင့် ယခုကဲ့သို့ သက်သေအချက်အလက်ပုံစံအား နှိုင်းချင့်သုံးသပ်မှုသည် ခက်ခဲသည်ဆိုသည့် အချက်ကြောင့် ဥပဒေပြုသည့် သမိုင်းကြောင်းအားလျစ်လျူရှုသင့်သည်ဟု အဓိပ္ပာယ်မသက်ရောက်စေပါ။[၁၃၁၄] ဆိုလိုရင်းမှာ တရားသူကြီးများသည် ဥပဒေပြုခြင်းဆိုင်ရာ သမိုင်းကို သေချာစွာ ခြင့်ချိန်သုံးသပ်ရမည်။

ဒုတိယအချက်အနေဖြင့် ဥပဒေပြုလွှတ်တော်က ဥပဒေကို ပြဋ္ဌာန်းနိုင်ရေးဦးတည်စေသည့် အကြောင်းအရင်းအမှန်ကို သိမြင်နိုင်သည့် အမြင်သဘောထားမရှိသောအခါ သမိုင်းလေ့လာမှုသည် ဆက်စပ်မှုမရှိပေ။ အင်္ဂလန်နှင့် စကော့တလန်ဥပဒေကော်မရှင်သည် ဥပဒေပြုရေးဆိုင်ရာသမိုင်းကို ယုံကြည်ကိုးစား၍ မရနိုင်ကြောင်း သတိပြုမိကြသည်။ အဘယ့်ကြောင့်ဆိုသော် လွှတ်တော်သို့တင်သွင်းလာသည့် ဥပဒေမူကြမ်းကို ဆွေးနွေးရာတွင် ဥပဒေပြုသူများက ၎င်းတို့၏ အဓိကဦးတည်ချက်သည့် ပရိတ်သတ်များကို ဆွဲဆောင်ရေး ဖြစ် ကြခြင်းကြောင့် ဖြစ်သည်။[၁၃၁၅] သို့သော် ၎င်းအခက်အခဲသည် သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုအတွက် သီးသန့်မဟုတ်ပါ။ စာသားသည် ဥပဒေပြုရခြင်း၏ ရည်ရွယ်ချက်အား တိမ်းစောင်းစေသည့် ထင်ဟပ်ချက်လည်း ဖြစ်နိုင်သည်။ ထပ်မံ၍ တရားသူကြီးများသည် သမိုင်းကြောင်ဆိုင်ရာ သက်သေအချက်အလက်များကို သေချာစွာ ဆင်ခြင်သုံးသပ်ရပြီး

[၁၃၀၉] နဂိုမူလရေးသားထားစဉ်အတိုင်းနားလည်ခြင်း (originalism) သည် လွှမ်းခြုံသည့် အခေါ်အဝေါ်ဖြစ်ပြီး စာသားအခြေပြုဝါဒနှင့် ရည်ရွယ်ချက်အခြေပြုဝါဒ ပါဝင်သည်။ See Letsas (n ၇၉) ၆၀.

[၁၃၁၀] Pepper (Inspector of Taxes) v. Hart [၁၉၉၂] UKHL ၃, ac ၅၉၃.

[၁၃၁၁] On this issue, see *The Interpretation of Statutes* (n ၅၄) ၃၁ ff. See also Fleischer (n ၁၅၆).

[၁၃၁၂] Noting the disparity of domestic case law in this regard: 'Article ၁၉. Interpretation of Treaties' (n ၁၂၁) ၉၅၈.

[၁၃၁၃] Vermeule (n ၇၆) ၁၂၉ f.

[၁၃၁၄] 'Article ၁၉. Interpretation of Treaties' (n ၁၂၁) ၉၅၈.

[၁၃၁၅] The Interpretation of Statutes (n ၅၄) ၃၂ f.

အခြားအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများအပေါ်လည်း မှီတည်ရမည်ကို ထိုကန့်ကွက်ခြင်းက ကျွန်ုပ်တို့အား သိမြင်စေပါသည်။

တတိယအချက်အနေဖြင့် ဥပဒေပြုသည့်လုပ်ငန်းစဉ်ဖြင့် ကြုံတင်ပြင်ဆင်သည့်အလုပ်ကို ကျိုးကြောင်းညီညွတ်အောင် သက်သေမပြနိုင်သောကြောင့် ဥပဒေပြုခြင်းဆိုင်ရာ သမိုင်းကိုလေ့လာခြင်းသည် ဒီမိုကရေစီနည်းလမ်း မကျဟု အငြင်းပွားနိုင်သည်။ Antonin Scalia ကဲ့သို့ တရားသူကြီးများသည် အဘယ့်ကြောင့် တိုက်ရိုက်မဟုတ်သည့် စာသားဖြင့် ရေးသားဖော်ပြခြင်းမရှိသော သက်သေအချက်အလက်ကို ငြင်းပယ်ကြောင်း အဆိုပါကန့်ကွက်ခြင်းက ရှင်းပြသည်။[၁၃၁၆] ဆက်စပ်ဆိုရသော် ဥပဒေပြုရေးဆိုင်ရာသမိုင်းကို အသုံးပြုခြင်းဖြင့် တရားရုံးများသည် ဥပဒေပြုအဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်အာဏာအပေါ် ဝင်ရောက်စွက်ဖက်နိုင်သည်ဟု တစ်ဦးတစ်ယောက်က စောဒက တက်နိုင် သည်။[၁၃၁၇] သို့သော် ၎င်းဝေဖန်ချက်များကို လှန်လျောနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဥပဒေပြုရေးဆိုင်ရာ သမိုင်းကို ရှာဖွေလေ့လာခြင်းကို ငြင်းပယ်မှုသည် ဒီမိုကရေစီနည်းလမ်းတကျ ဆုံးဖြတ်သည့် ဥပဒေများမှ လွဲချော်နိုင်စေခြင်းကြောင့် ဖြစ်သည်။ ဥပဒေပြဋ္ဌာန်းသည့် ရည်ရွယ်ချက်ကို လျစ်လျူရှုပြီး ဥပဒေပြဋ္ဌာန်းချိန်ရှိ မူလအဓိပ္ပာယ်ကို စူးစမ်းလေ့လာခြင်းသည် (Scalia ကဲ့သို့သော စာသားပဓာနဝါဒီများက အကြံပြုသကဲ့သို့) ရှင်းလင်းပြတ်သားသည့် အဖြေကို မရရှိနိုင်ပေ။[၁၃၁၈] အဆိုပါကိစ္စရပ်မျိုးတွင် ဥပဒေပြုရေးဆိုင်ရာသမိုင်းသည် ရှင်းလင်းသည့် အဖြေကို ယူဆောင်ပေးလိမ့်မည်။

အတိုချုံးအားဖြင့် ပြည်တွင်းဥပဒေကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် (အနည်းဆုံးအချို့ကိစ္စရပ်များတွင်) ဥပဒေပြုရေးဆိုင်ရာသမိုင်းအပေါ် ကိုးကားခြင်းအတွက် အကြောင်းပြချက်ကောင်းများ ရှိပြီး အဆိုပါနည်းလမ်းကို တရားစီရင်ရေးစနစ်များစွာတွင် အသုံးပြုပါသည်။

၂.၄.၂ အပြည်ပြည်ဆိုင်ရာဥပဒေ

သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အပြည်ပြည်ဆိုင်ရာဥပဒေတွင်လည်း တည်ရှိပါသည်။ သဘောတူစာချုပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် စပ်လျဉ်း၍ သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၂ ပါ ခေါင်းစဉ် 'အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု၏ နောက်ဆက်တွဲနည်းလမ်းများ' က ကြုံတင်ပြင်ဆင်သည့် လုပ်ငန်းမှတ်တမ်းများ (*travaux préparatoires*)[၁၃၁၉] အကြောင်း ဖော်ပြသည်။ (က) အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို သတ်သတ်မှတ်မှတ် အတည်ပြုရန်နှင့် (ခ) သိသာထင်ရှားသည့် ယုတ္တိမတန်ခြင်းနှင့် မပြတ်သားသော ရလဒ်များကို ရှောင်ရှားရန် ၎င်းကြုံတင်ပြင်ဆင်သည့်လုပ်ငန်းမှတ်တမ်းများ (*travaux préparatoires*) အား အသုံးပြုခြင်း ဖြစ်သည်။ ဤနောက်ဆုံးအချက်သည် အင်္ဂလိပ်ပြဋ္ဌာန်းဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အသုံးပြုသည့် 'ရွှေရောင်စည်းမျဉ်း' နှင့် ဆင်တူပါသည်။ အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင်သည် ပြင်သစ်စကားလုံး *ကျင့်သုံးမှု (travaux)* ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းမှ ရှောင်ရှားသည်။ အကြောင်းရင်းမှာ ထိုကဲ့သို့အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ပါဝင်သည့် ပါဝင်ထိုက်သည်များကို မပါဝင်ဘဲ ကျန်ရစ်နိုင် သည်ဟု

[၁၃၁၆] Fleischer (n ၁၅၆) ၄၂၄ f.

[၁၃၁၇] Pepper (Inspector of Taxes) v. Hart [၁၉၉၂] UKHL ၃, ac ၅၉၃, at ၆၀၆ f.

[၁၃၁၈] According to Lord Denning, precluding judges from using legislative history is tantamount to saying that judges 'should grope about in the dark for the meaning of an Act without switching on the light'. See Davis v. Johnson [၁၉၇၉] ac ၂၆၄, at ၂၇၆.

[၁၃၁၉] သဘောတူစာချုပ်၏ သုံးသပ်ချက်အခြေအနေများကို သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် (၃၂) တွင် ဖော်ပြထားပြီး ကျယ်ပြန့်သော အမြင်သဘောထား (lato sensu) အကြောင်းအရာ၏ အပိုင်းတွင်လည်း ဖော်ပြထားသည်။ (supra, ၂.၂.၂).

စဉ်းစားခြင်းကြောင့် ဖြစ်သည်။[၁၃၂၀] အရေးကြီး သည်မှာ *ကျင့်သုံးမှု (travaux)* သည် အများဆိုင်[၁၃၂၁]ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ ဘုံရည်မှန်းချက်များကို ထင်ဟပ်၍ သီးခြား မရပ်တည်ရပါ။[၁၃၂၂] သို့မဟုတ် နောက်ပိုင်းတွင် ထိုကျင့်သုံးမှုကို စွန့်ပယ်ခြင်းလည်း မပြုရပါ။[၁၃၂၃] သို့ရာတွင် (အပြည်ပြည်ဆိုင်ရာတရားရုံးအပါအဝင်)[1324] တရားရုံးများသည် အဆိုပါအခြေအနေများကို တင်းတင်းကျပ်ကျပ် လိုက်နာမှုမရှိကြပါ။ ဤအခြေအနေရှိ အခက်အခဲတစ်ခုမှာ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေသည် သဘောတူစာချုပ်များကဲ့သို့ အတည်တကျသတ်မှတ် ပြဋ္ဌာန်းထားသည့် စုပေါင်းစဉ်းစားဆွေးနွေးသည့် လုပ်ငန်းစဉ်ဖြင့် ချမှတ်ပြဋ္ဌာန်းခြင်း မဟုတ်ပါ။[1325] ထို့အစား နိုင်ငံများ၏ ကျင့်သုံးမှုနှင့် တရားဥပဒေဆိုင်ရာ အမြင်သဘောထား အပေါ်အခြေခံ၍ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် အဆိုပါနိုင်ငံများ၏ ကျင့်သုံးမှုနှင့် တရားဥပဒေဆိုင်ရာ အမြင်သဘောထား နှစ်ခုအတွက် သက်သေအချက်အလက်ဖန်တီးပေးသည့် လုပ်ဆောင်ချက်များသည် အတွက် ပြင်သစ်တို့ ဖွင့်ဆိုသည့် ကျင့်သုံးမှုနှင့် ဆင်တူယိုးမှားပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အဆိုပါလုပ်ဆောင်ချက်များသည် ဓလေ့ထုံးတမ်းတစ်ခု ထွက်ပေါ်လာသည့် လုပ်ငန်းစဉ်ကို ပြသပေးခြင်းကြောင့် ဖြစ်သည်။ ၎င်းရည်ရွယ်ချက်အတွက် စဉ်းစားရမည့် အချက်အလက်ကို အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်၏ သုံးသပ်ချက်မူကြမ်း ၆(၂) နှင့် ၁၀(၂) တို့တွင် အဓိပ္ပာယ်သတ်မှတ်ထားသည်။[1326] အလားတူ စာရင်းများကို အပြည်ပြည်ဆိုင်ရာ ဥပဒေအဖွဲ့က ၂၀၁၀ ပြည့်နှစ်တွင် ချမှတ်သည့် ဆုံးဖြတ်ချက်တွင်လည်း တွေ့မြင်နိုင်သည်။[1327] နိုင်ငံတစ်နိုင်ငံ (သို့မဟုတ် နိုင်ငံအချို့)၏ ကျင့်သုံးပုံနှင့် ဥပေဒအမြင်သဘောထားကို ပြုစုထားသည့် စာရွက်သက်သေခံအချက်အလက်သည် အမှန်ပင် မလုံလောက်ပါ။ ထိုလုပ်ဆောင်ချက်များကို လူသိရှင်ကြားအသုံးပြုသည် ဆိုသည့် လိုအပ်ချက်ကိုလည်း ၎င်းကျင့်သုံးပုံများတွင် အသုံးပြုနိုင်သည်။[1328] သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု သည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျသဘောတရားများကို စနစ်တကျ လေ့လာစိစစ်ရန်အတွက် သင့်လျော်ပါသည်။ ပြည်တွင်းတရားရုံး (*in foro domestico*) တွင် ဖော်ထုတ်သတ်မှတ်ထားသည့် ယေဘုယျ သဘောတရားများသည် ပြည်တွင်းရှိ လက်တွေ့ကျင့်သုံးမှုအပေါ် မူတည်၍

[၁၃၂၀] ILC, 'Draft Articles on the Law of Treaties With Commentaries' (n ၇၈၃) ၂၂၃.

[၁၃၂၁] See ibid. See also PCIJ, case concerning the Competence of the European Commission of the Danube Between Galatz and Braïla, advisory opinion, PCIJ Series B No ၁၄, ၈ December ၁၉၂၇, ၆, at ၃၂.

[၁၃၂၂] See for example ICJ, Ambatielos Case (Greece v. United Kingdom), judgment, preliminary objection, ICJ Reports ၁၉၅၂, ၁ July ၁၉၅၁, ၂၈, at ၄၅.

[၁၃၂၃] See the examples mentioned by Hersch Lauterpacht, 'Les travaux préparatoires et l'interprétation des traités' (၁၉၃၄) ၄၈ Recueil des cours de l'Académie de droit international ၇၉၉ ff. See also Ris (n ၁၂၃၃) ၁၁၂– ၁၁၃.

[၁၃၂၄] See Ris (n ၁၂၃၃) ၁၃၃.

[၁၃၂၅] As a matter of fact, some scholars have criticized the imbalances that this unorderly process generates. See eg Chimni (n ၁၁၉၃).

[၁၃၂၆] For a critique of the forms of State practice admitted by the ILC's draft conclusions on CIL: Sienho (n ၉၆၀) ၃၈၅ f.

[၁၃၂၇] ILA Committee on Formation of Customary (General) International Law (n ၈၈၆) ၁၃ ff.

[၁၃၂၈] အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင်၏ ပြဋ္ဌာန်းဥပဒေ ပုဒ်မ ၂၄ အရ- 'ကော်မရှင်သည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေဆိုင်ရာ သက်သေအချက်အလက်များကို အဆင်သင့် ရရှိနိုင်ရေးအတွက် နည်းလမ်းများကို ကော်မရှင်က စဉ်းစားရမည် [….] See also ILC, 'Fourth Report on Identification of Customary International Law by Michael Wood, Special Rapporteur' (n ၂၉၄) ၁၃ ff para ၃၈ ff; ILC Secretariat, 'Identification of Customary International Law: Ways of Making the Evidence of Customary International Law More Readily Available' (၂၀၁၉) un Doc a/ cn.၄/ ၇၁၀/ Rev.၁.

သတ်မှတ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းလက်တွေ့ကျင့်သုံးမှုများ မည်သို့ပေါ်ပေါက်လာသည်ကို နားလည်ရန် လိုအပ်သည်။[1329]

အပြည်ပြည်ဆိုင်ရာဥပဒေတွင် သမိုင်းကြောင်းအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အမှန်အားဖြင့် ဓလေ့ထုံးတမ်းဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းတစ်ခုဖြစ်ကြောင်း လက်တွေ့ဆောင်ရွက်ချက်က အကြံပြုပါသည်။ ၁၉၃၄ တွင် Hersch Lauterpacht က သတိပြုမိသည်မှာ နိုင်ငံများသည် စာချုပ်ဆိုင်ရာနှင့် ပြဋ္ဌာန်းဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုအကြောင်းအရာတွင် *ကျင့်သုံးမှု (travaux)* အတွက် ၎င်းတို့၏ ချည်းကပ်မှုသည် သွေဖယ်သွားပါက[၁၃၃၀] သဘောတူစာချုပ်များ အနက်အဓိပ္ပာပြန်ဆိုရာတွင် *ကျင့်သုံးမှု (travaux)* ကို အသုံးပြုနိုင်သည်ဟု အားလုံး တူညီစွာ လက်ခံကြမည်။[၁၃၃၁] အပြည်ပြည်ဆိုင်ရာဥပဒေအပါအဝင် ဥပဒေများတွင် အသုံးပြုလာပါက ရည်ရွယ်ချက်အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် နည်းလမ်း (၄) မျိုးအနက် အငြင်းပွားဖွယ်အဖြစ်ဆုံးပင် ဖြစ်နေပြီး[၁၃၃၂] နိုင်ငံများသည် သဘောတူစာချုပ်အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် ရည်ရွယ်ချက်အတွက် ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းအပေါ် မကြာခဏ မှီတည်နေပါသည်။[၁၃၃၃] ၁၉၃၅ ခုနှစ် သဘောတူစာချုပ်များဆိုင်ရာ ဟားဗက်ကွန်ဗင်းရှင်းမူကြမ်းတွင်လည်း အနက်အဓိပ္ပာယ်ဖွင့်ဆိုသူများသည် 'သဘောတူစာချုပ်၏ နောက်ခံ သမိုင်း [နှင့်] ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းမှတ်တမ်းများ (*travaux préparatoires*)' ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်ဆိုသည့် အဆိုပါအလေ့အကျင့်ကို တွေ့မြင်နိုင်သည်။[၁၃၃၄] အပြည်ပြည်ဆိုင်ရာ တရားရုံးများသည် *ကျင့်သုံးမှု (travaux)*[၁၃၃၅] ကို မှီခိုအားထားနေပါသည်။ ခုံသမာဓိခုံရုံးများသည်လည်း အလားတူ ကျင့်သုံးမှုမျိုးရှိပါသည်။[၁၃၃၆] ဥပဒေလျှောက်လဲချက်ပေးရာတွင် ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းများ ဆွေးနွေးခြင်းကို အပြည်ပြည်ဆိုင်ရာ ရှေ့နေအများစုက အလိုအလျောက်ထည့်သွင်းထားပြီး ထို့သို့ကြိုတင်ပြင်ဆင်ခြင်းသည် အထူးအရေးကြီးကြောင်း ထည့်သွင်းစဉ်းစားကြသည်' ကို Jan Klabbers က သတိပေးဖော်ပြသည်။[၁၃၃၇] နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေကို စနစ်တကျ လေ့လာစိစစ်ရာတွင် သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုအပေါ် အမှီပြုပါသည်။[၁၃၃၈] ဆိုလိုသည်မှာ နိုင်ငံများ၏ ကျင့်သုံးပုံနှင့် ဥပဒေအမြင်သဘောထားတို့ကို သတ်မှတ်ဖော်ထုတ်ရာတွင် ၎င်းသမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုအပေါ် ယုံကြည်အားထားခြင်းဖြစ်သည်။[၁၃၃၉] အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျသဘောတရားများနှင့် ပတ်သက်၍ နိုင်ငံများသည် ယေဘုယျသဘောတရားကို အသိအမှတ်ပြုခဲ့သည်မှာ လုံလောက်သော အချိန်ကာလတစ်ခု ရှိသည့်အကြောင်းကို တရားရုံးများက

[၁၃၂၉] Drawing on the methods of comparative law: Ellis (n ၁၂၀၃) ၉၆၂. See also Jain (n ၇၃) ၁၃၇ ff.

[၁၃၃၀] Lauterpacht, 'Les travaux préparatoires et l'interprétation des traités' (n ၁၃၂၃) ၇၃၃.

[၁၃၃၁] See ibid ၇၄၃.

[၁၃၃၂] Lauterpacht, 'Restrictive Interpretation and the Principle of Effectiveness in the Interpretation of Treaties' (n ၂၄၈) ၅၅.

[၁၃၃၃] Fatima (n ၄၅) ၁၃၁ ff.

[၁၃၃၄] Art. ၁၉(a). See 'Harvard Draft Convention on the Law of Treaties' (n ၁၁၉၇).

[၁၃၃၅] Le Bouthillier (n ၁၁၈၅) ၈၄၅; 'Article ၁၉. Interpretation of Treaties' (n ၁၂၁) ၉၆၂ ff.

[၁၃၃၆] Eg 'Article ၁၉. Interpretation of Treaties' (n ၁၂၁) ၉၅၉ ff.

[၁၃၃၇] Klabbers, 'International Legal Histories: The Declining Importance of Travaux Préparatoires in Treaty Interpretation?' (n ၉၉၄) ၂၆၈. For an empirical assessment, see Yahli Shereshevsky and Tom Noah, 'Does Exposure to Preparatory Work Affect Treaty Interpretation? An Experimental Study on International Law Students and Experts' (၂၀၁၇) ၂၈ European Journal of International Law ၁၂၈၇.

[၁၃၃၈] Regarding the practice of us and English courts: 'Article ၁၉. Interpretation of Treaties' (n ၁၂၁) ၉၆၅.

[၁၃၃၉] ILC, 'Third Report on Identification of Customary International Law by Michael Wood, Special Rapporteur' (n ၂၉၄) ၂၁ ff.

တည်ဆောက်ပြရမည်။ ထို့ကြောင့် တရားရုံးများသည် အဆိုပါသဘောတရားများ၏ မူလရင်းမြစ်များနှင့် ဖွံ့ဖြိုးလာမှုတို့ကို ရံဖန်ရံခါ စစ်ဆေးလျက်ရှိသည်။[၁၃၄၀]

ပြည်တွင်းဥပဒေတွင်[၁၃၄၁] သမိုင်းကြောင်းအခြေပြုချည်းကပ်နည်း[၁၃၄၂]သည် အခြားစည်းမျဉ်းများကဲ့သို့ အဆင့်အတန်းတူတူ ရပ်တည်နေသည်။ သို့သော် ၎င်းကို အသုံးချရာတွင် မလုပ်မီစဉ်းစားရမည့်အချက်များနှင့် ကိုက်ညီအောင် ပြုလုပ်ရပါသည်။ အပြည်ပြည်ဆိုင်ရာဥပဒေတွင် ထူးခြားသည့် အခြေအနေများပြည့်မီမှသာလျှင် သမိုင်းကြောင်းအခြေပြုနည်းလမ်းကို အသုံးပြုပါသည်။ သဘောတူစာချုပ်အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းနှင့် ဆက်စပ်၍ သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် (၃၂) က ကျင့်သုံးမှု (*travaux*) သည် 'အနက်အဓိပ္ပာယ် ဖွင့်ဆိုမှု၏ နောက်ဆက်တွဲ နည်းလမ်းများ' ပင်ဖြစ်သည်ဟု ဆိုပါသည်။ သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာ ကွန်ဗင်းရှင်းကို မချမှတ်မီကပင် အပြည်ပြည်ဆိုင်ရာတရားရုံးများသည် အဆိုပါ နောက်ဆက်တွဲ ဝိသေသလက္ခဏာကို အလေးပေးခဲ့ကြသည်။[၁၃၄၃] သို့သော် ကွန်ဗင်းရှင်းမူကြမ်းရေးဆွဲသည့် လုပ်ငန်းစဉ်တွင်မူ အဆိုပါအချက်သည် ဆွေးနွေးငြင်းခုံဖွယ်ရာ ဖြစ်ခဲ့သည်။[၁၃၄၄] သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ ပုဒ်မ ၃၁ နှင့် ၃၂ အကြား ထက်အောက်စဉ်စနစ်က ဥပဒေပြုရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ ဖြစ်စဉ်လေ့လာမှုဝါဒနှင့် အားပြိုင်မှု ဖြစ်စေပြီး[၁၃၄၅] အဆိုပါ ထက်အောက်စဉ်စနစ်သည် လက်တွေ့တွင် ပိုင်းခြားရန်အမြဲမလွယ်ကူပေ။ သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ ပုဒ်မ ၃၂ ပါ အခြေအနေများကို အပြည့်အဝမရရှိတောင်မှ အပြည်ပြည်ဆိုင်ရာတရားရုံးနှင့် အပြည်ပြည်ဆိုင်ရာအမြဲတမ်းတရားရုံး တို့သည် ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းများကို အမြဲ အသုံးပြုလေ့ရှိကြသည်။[၁၃၄၆] လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး (ECtHR) သည် ၎င်း၏ ကျင့်သုံး

၁၃၄၀ Italia Nostra v. Ministry of Cultural Heritage and Libyan Arab Jamahiriya (Intervening), Appeal Judgment, Case No ၃၁၅၄/ ၂၀၀၈, ILDC ၁၁၃၈ (it ၂၀၀၈), ၂၃ June ၂၀၀၈, Italy; Council of State [Council of State], at ၄.၄; Kiobel and Others (on Behalf of Kiobel and Tusima) v. Royal Dutch Petroleum Co and Others, Appeal judgment, Docket No ၀၆- ၄၈၀၀- cv, Docket No ၀၆- ၄၈၇၆- cv, ၆၂၃ F၃d ၁၁၁ (၂d Cir ၂၀၁၀), ILDC ၁၅၅၂ (us ၂၀၁၀), ၁၇ September ၂၀၁၀, United States; Court of Appeals (၂nd Circuit) [၂d Cir], at ၄၃.

၁၃၄၁ Hersch Lauterpacht considered that international law needed to establish 'its own rules' on this issue: Lauterpacht, 'Les travaux préparatoires et l'interprétation des traités' (n ၁၃၂၃) ၇၈၀.

၁၃၄၂ See however Stéphane Beaulac, 'No More International Treaty Interpretation in Canada's Statutory Interpretation: A Question of Access to Domestic Travaux Préparatoires' in Stéphane Beaulac and Mathieu Devinat (eds), Interpretatio non cessat : Mélanges en l'honneur de Pierre- André Côté / Essays in Honour of Pierre- André Côté (Yvon Blais ၂၀၁၁).

၁၃၄၃ ECtHR, Lawless v. Ireland (No ၃), judgment, merits, App No ၃၃၂/ ၅၇ (ECHR Reports Series A No ၃), ၁ July ၁၉၆၁, para ၁၄.

၁၃၄၄ Some States, such as Israel, Hungary, and the United States, considered that art. ၃၂ VCLT ought to be on the same level as the methods of art. ၃၁. See Sorel and Boré- Eveno (n ၁၀၄၄) ၈၁၄. Documents like the Harvard Draft Convention on the Law of Treaties give the travaux a more prominent role, see art. ၁၉(a), 'Harvard Draft Convention on the Law of Treaties' (n ၁၁၉၇).

၁၃၄၅ Merrills (n ၁၂၃၃) ၆၁; Le Bouthillier (n ၁၁၈၅) ၈၄၇.

၁၃၄၆ ICJ, case concerning Maritime Dispute (Peru v. Chile), ICJ Reports ၂၀၁၄, ၂၇ January ၂၀၁၄, ၄, at ၃၀, para ၆၆; ICJ, case concerning Sovereignty Over Pulau Ligitan and Pulau Sipadan (Indonesia v. Malaysia), judgment, merits, ICJ Reports ၂၀၀၂, ၁၇ December ၂၀၀၂, ၆၂၅, at ၆၅၃ ff, para ၅၃– ၅၈; ICJ, case concerning Avena and Other Mexican Nationals (Mexico v. United States), judgment, ICJ Reports ၂၀၀၄, ၃၁ March ၂၀၀၄, ၁၂, at ၄၈ f, para ၈၆. Contra (although the Court's reasoning is not explicit on this issue): ICJ, case concerning the Application of the Convention on the Prevention and Punishment of the Crime of Genocide (Bosnia and Herzegovina v. Serbia and Montenegro), judgment, ICJ Reports ၂၀၀၇, ၂၆ February ၂၀၀၇, ၄၃, at ၁၀၉ ff, para ၁၆၀– ၁၆၅; ICJ, case concerning

ပုံသည်လည်း ပြည့်စုံ ကိုက်ညီနေလေ့မရှိပါ။[၃၃၇] အချို့နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေ၏ အကြောင်းအရာရှိ သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု၏ နောက်ဆက်တွဲ ဝိသေသလက္ခဏာအပေါ် အလေးထားလေ့ ရှိကြသည်။[၃၃၈]

အနည်းဆုံး တချို့သောကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာဥပဒေရှိ သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို ဆောင်ရွက်ရန်အတွက် အလွန်စိတ်ဝင်စွားဖွယ်ကောင်းသည့် အကြောင်းပြချက်များ ရှိသည်။ ဤနည်းလမ်းသည် ဥပဒေရေးဆွဲသည့် နိုင်ငံများကို ဆုံးဖြတ်ခွင့်ပေးသည့် နည်းလမ်းဖြစ်သည့်အတွက် အငြင်းပွားဖွယ် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေစံနှုန်းသည် မည်သို့ စတင်ဖြစ်ပေါ်လာသနည်းဆိုသည်ကို ထည့်သွင်း စဉ်းစားလျက် အနက်အဓိပ္ပာယ်ဖွင့်ဆိုသူသည် အပြည်ပြည်ဆိုင်ရာဥပဒေအရင်းအမြစ်များကို လက်ခံရသည့်အတွက် နိုင်ငံများသည် မူလပထမ ဥပဒေရေးဆွဲသူများ ဖြစ်သည်။

သို့သော် ပြည်တွင်းဥပဒေကဲ့သို့ပင် သမိုင်းကြောင်းအခြေပြု နည်းလမ်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေတွင်လည်း ဝေဖန်မှု မြင့်တက်လျက်ရှိသည် (ဤအချက်သည် ၎င်း၏ နောက်ဆက်တွဲ အခန်းကဏ္ဍကို တစိတ်တပိုင်းအားဖြင့် ရှင်းလင်းပြသသည်)။ ပထမအချက်အနေဖြင့် သမိုင်းကြောင်း အခြေပြု အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုသည် တိကျရှင်းလင်းစွာဖော်ပြခြင်းမရှိသည့်အတွက် စိန်ခေါ်မှုကြုံတွေ့ရသည်။ နိုင်ငံများ ရည်ရွယ်ချက်များကို ပိုမိုခိုင်မာအောင် စနစ်တကျလေ့လာစိစစ်ရာတွင် သက်သေအချက်အလက်ဆိုင်ရာ အခက်အခဲများ ထင်ထင်ရှားရှား တွေ့မြင်ရသည်။ ထို့အပြင် ဥပဒေပြုရေးဆိုင်ရာ သမိုင်းကို လေ့လာမည့် အချက်အလက်ဆိုင်ရာ (objective) သမိုင်းကြောင်းအခြေပြု သို့မဟုတ် အမြင်သဘောထားဆိုင်ရာ (subjective) သမိုင်းကြောင်းအခြေပြု ချည်းကပ်မှုကို တစ်ဦးတစ်ယောက်က ခုခံကာကွယ်မှု ရှိမရှိ အပေါ်မူတည်လျက် ဥပဒေပြုရေးဆိုင်ရာ သမိုင်းကို သေချာခိုင်မာအောင် စနစ်တကျလေ့လာနိုင်မည့် မတူကွဲပြားသော နည်းလမ်းများရှိပါသည်။[၃၃၉] ရှင်းလင်းတိကျစွာ ဖွင့်ဆိုခြင်းမရှိမှုသည် ကျင်သုံးပုံ (*travaux*) အား အခွင့်အလမ်းကိုအသုံးချ မှီငြမ်းမည့် အန္တရာယ်ကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ပြည်တွင်းတရားရုံးတချို့ကသာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းကို အလုံးစုံရှင်းလင်း ပြတ်သားသည့်နည်းလမ်းအဖြစ် မှတ်ယူသည်။ Lord Steyn ၏ စကားများအရ '[နွား]မျက်လုံးတစ်လုံးတည်းသာ ရေတွက်ပြီး ဘာမှ သိပ်လုပ်ဖြစ်မှာ မဟုတ်ပါ'။[၃၄၀] နိုင်ငံ၏ ကျင့်သုံးပုံနှင့် ဥပဒေအမြင်သဘောထားဆိုင်ရာ သက်သေကို ဖန်တီးပေးသည့် အချက်အလက်များစွာ ရှိသော်ငြား ရှင်းလင်းပြတ်သားစွာ ဖော်ပြမှုမရှိခြင်း ပြဿနာသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေတွင်လည်း တည်ရှိသည်။ ထို့ကြောင့် ကျင့်သုံးပုံ (*travaux*) ကို နှိုင်းချင့် သုံးသပ်ရာတွင် လိုအပ်သည့် သတိပေးချက်နှင့်အတူ သမိုင်းကြောင်းအခြေပြုအနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ရှင်းလင်းတိကျပြတ်သားမှုမရှိခြင်း သို့မဟုတ် တလွဲညွှန်းဆိုခြင်းဖြစ်ပေါ်စေသည်ဟု ဤကန့်ကွက်ချက်က အဓိပ္ပာယ် သက်ရောက်မှုမရှိစေပါ။ ထို့အပြင် ပြင်းပြင်းထန်ထန် ကန့်ကွက်ခြင်းလည်း မပြုလုပ်သင့်ပါ။

---

the Legal Consequences of the Construction of a Wall in the Occupied Palestinian Territory, advisory opinion, ICJ Reports ၂၀၀၄, ၉ July ၂၀၀၄, ၁၃၆, at ၁၇၄ ff, para ၉၄– ၁၀၁. See also PCIJ, case concerning Article ၃, Paragraph ၂, of the Treaty of Lausanne (Frontier Between Turkey and Iraq), advisory opinion, PCIJ Series B No ၁၂, ၂၁ November ၁၉၂၅, ၆, at ၂၂ f; PCIJ, case concerning the s.s. 'Lotus' (France v. Turkey), judgment, PCIJ ၁၉၂၇ Series A No ၁၀, ၇ September ၁၉၂၇, ၄, at ၁၆ f; ICJ, Ambatielos Case (Greece v. United Kingdom), judgment, preliminary objection, ICJ Reports ၁၉၅၂, ၁ July ၁၉၅၁, ၂၈, at ၄၅.

[၃၃၇] ECtHR, Witold Litwa v. Poland, judgment, merits, App No ၂၆၆၂၉/ ၉၅ (ECHR Reports ၂၀၀၀- iii), ၄ April ၂၀၀၀, at para ၃၃– ၃၉, where the Court mentioned the travaux in the context of the applicable law.

[၃၃၈] Ireland, <legal.un.org/ docs/ ?path=../ ilc/ sessions/ ၆၆/ pdfs/ english/ icil_ ireland. pdf&lang=E>, p. ၄.

[၃၃၉] Olivier Corten has demonstrated that the VCLT leaves room for either of these approaches, see Corten (n ၂၄၇).

[၃၄၀] Effort Shipping Co. Ltd. v. Linden Management SA (၁၉၉၈) ac ၆၀၅, ၆၂၃.

ဒုတိယအချက်အနေဖြင့် ဥပဒေပြုရေးဆိုင်ရာသမိုင်း (အားလုံးရရှိနိုင်ပါက)[၁၃၁] သည် အကြောင်းအရာများနှင့် ဆက်စပ်မှုမရှိနိုင်ပေ။ ဥပမာ သဘောတူစာချုပ်ဆွေးနွေးညှိနှိုင်းသည့် မှတ်တမ်းများသည် ပြည့်စုံ၍ တိကျမှန်ကန်မှု မရှိနိုင်ပေ။[၁၃၂] ၎င်းမှတ်တမ်းများတွင် 'တစ်ညလုံးမအိပ်ရဘဲ နံနက်လင်းအားကြီးချိန်မှ နောက်ဆုံးအချိန် စေ့စပ်ဆွေးနွေးခြင်းများ' မပါဝင်နိုင်ပါ။[၁၃၃] အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်ကလည်း ကျင့်သုံးပုံ (*travaux*) သည် 'မပြည့်စုံဘဲ လွဲမှားမှုကို မကြာခဏ ဦးတည်စေကြောင်း' အခိုင်အမာ ပြောဆိုသည်။ အဆိုပါကျင့်သုံးပုံ (*travaux*) ကို နောက်ဆက်တွဲ ဝိသေသ လက္ခဏာတစ်ရပ်အဖြစ် အခိုင်အမာဆိုသည်။[၁၃၄] အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေနှင့် စပ်လျဉ်း၍ IOS ၏ မူဘောင်အတွင်း နိုင်ငံများက ချမှတ်ထားသည့် အနေအထားများကို မဟာဗျူဟာမြောက် စဉ်းစားမှုများဖြင့် မြှင့်တင်ပေးနိုင်သည်။ သို့ဖြစ်၍ *ဥပဒေအမြင်သဘောထား*ကို သေချာခိုင်မာအောင် စနစ်တကျ လေ့လာစိစစ်မည့် ရည်ရွယ်ချက်များအတွက် သင့်လျော်မည် မဟုတ်ပါ။[၁၃၅] ထို့ကြောင့် ဤကန့်ကွက်ချက်သည် သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကြောင့် ဖြစ်ပေါ်လာသည့် သက်သေအချက်အလက်ဆိုင်ရာ စိန်ခေါ်မှုများကိုသာ ဖော်ညွှန်းပါသည်။ သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို စွန့်လွှတ်သင့်ကြောင်း မပြသနိုင်ပါ။

တတိယအချက်အနေဖြင့် ကျင့်သုံးပုံ (*travaux*) ကို အားကိုးခြင်းသည် အငြင်းပွားဖွယ်ရာ ဦးတည်ချက်လွဲမှားစေသည်။ အကြောင်းရင်းမှာ မည်သည့်သဘောတူညီချက်ကမျှ စေ့စပ်ဆွေးနွေးခြင်းများနှင့် မူကြမ်းအဆင့်တွင် ဖြစ်ပေါ်လာခြင်းမဟုတ်သည့်အတွက် ဖြစ်သည်။[၁၃၆] အဖွဲ့ဝင်နိုင်ငံများက မဟာဗျူဟာကျကျ ထိတွေ့ဆောင်ရွက်မှုကို ရှောင်လွဲနိုင်ရန်အတွက် သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတွင် ကျင့်သုံးပုံ (*travaux*) ကို နောက်ဆက်တွဲ အခန်းကဏ္ဍအနေဖြင့် ထည့်သွင်းထားခြင်းဖြစ်သည်ဟု Le Bouthillier က မှတ်ချက်ပြုသည်။ သို့မဟုတ်လျှင် နိုင်ငံများသည် နောင်ဖြစ်လာမည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုင်ရာ သဘောထားကွဲလွဲမှုများတွင် ၎င်းတို့၏ အခန်းကဏ္ဍကို ခိုင်မာစေရေးကြိုးပမ်းအားထုတ်လာကြသည်။ ၎င်းတို့၏ကိုယ်ပိုင်အမြင်များကို ကျင့်သုံးပုံ (*travaux*) တွင် ပါဝင်နိုင်ရေးသေချာစေရန်အတွက် ကြိုးပမ်းကြခြင်းမျိုး ဖြစ်သည်။[၁၃၇] သို့သော် ဥပဒေပြုရေးဆိုင်ရာ သမိုင်းကို လေ့လာခြင်း၏ အဓိကအချက်သည် ဥပဒေ ပြဋ္ဌာန်းခြင်းကို မည်သည့်အရာက ဖြစ်ပေါ်စေသနည်းကို အတိအကျ သတ်မှတ်ရန်ဖြစ်သည်။ ဤအခြေအနေရှိ စဉ်းစားတွေးတောချက်များအားလုံးသည် မသင့်လျော်သည့်အတွက် သင့်တင့်မျှတသည့် တွေးခေါ်စဉ်းစားချက်များကသာ ပြဋ္ဌာန်းချက်တစ်ခုကို ချမှတ်နိုင်ရေး လုပ်ငန်းစဉ်အတွက် အခြေသဘောထားများ ဖြစ်ပေါ်လာစေမည် ဖြစ်သည်။

စတုတ္ထအချက်အနေဖြင့် နောက်ပိုင်းတွင်မှ သဘောတူစာချုပ်အဖွဲ့ဝင်ဖြစ်လာသည့် အဖွဲ့ဝင်နိုင်ငံအချို့သည် မူကြမ်းရေးဆွဲသည့်လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ခွင့်မရရှိခဲ့ခြင်းဖြစ်သည်ဟူသော အချက်ကို ဥပဒေပြုရေးဆိုင်ရာ သမိုင်း အသုံးပြုခြင်းက လျစ်လျူရှုသည်ဟု အများဆုံးဝေဖန်ကြသည်။ အဆိုပါ ဝေဖန်မှုကို အလေးအနက်ထား ရမည်။ သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၃၂ နှင့်အညီ သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် အခြားနည်းလမ်းများကို ဘာကြောင့်ဖြည့်စွက်ပေးသည့် တစိတ်တပိုင်းသာဖြစ်ကြောင်း အကျိုးသင့်

---

[၁၃၁] Klabbers, 'International Legal Histories: The Declining Importance of Travaux Préparatoires in Treaty Interpretation?' (n ၉၉၄) ၂၈၀.

[၁၃၂] Ris (n ၁၂၃၃) ၁၁၃.

[၁၃၃] Le Bouthillier (n ၁၁၈၅) ၈၅၇.

[၁၃၄] ILC, 'Draft Articles on the Law of Treaties With Commentaries' (n ၇၈၃) ၂၂၀.

[၁၃၅] On this point, see Stephen Mathias, 'Editorial Comment – The Work of the International Law Commission on Identification of Customary International Law: A View From the Perspective of the Office of Legal Affairs' (၂၀၁၆) ၁၅ Chicago Journal of International Law ၁၇, ၂၅.

[၁၃၆] ILC, 'Draft Articles on the Law of Treaties With Commentaries' (n ၇၈၃) ၂၂၀.

[၁၃၇] Le Bouthillier (n ၁၁၈၅) ၈၅၈ f.

အကြောင်းသင့် ရှင်းပြသည်။ အခြားတစ်ဖက်တွင်လည်း နောက်ပိုင်းကာလတွင်မှ အဖွဲ့ဝင်ဖြစ်လာသည့် နိုင်ငံများသည် သဘောတူညီချက်၏ အခြေခံအကြောင်းအရင်းနှင့်ပတ်သက်သည့် စဉ်းစားမှုများကို ကောင်းစွာ သိမြင်ရမည် ဖြစ်သည်။ သဘောတူစာချုပ်၏ နောင်ကာလ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို ပုံဖော်ရာတွင် ပါဝင်နိုင်သောအခါ (ပါဝင်သင့်သောအခါ) သဘောတူစာချုပ်မိတ်ဖက် အဖွဲ့ဝင်များ၏ အတိတ်ကာလ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ရွေးချယ်မှုများကို အသိအမှတ်ပြုရမည်။

နိဂုံးချုပ်ရသော် အပြည်ပြည်ဆိုင်ရာဥပဒေတွင် သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ဓလေ့ထုံးတမ်းဆိုင်ရာ နည်းလမ်းတစ်ခုဖြစ်ပြီး အကယ်၍ ၎င်းကို သတိထား၍ အသုံးပြုရပါကလည်း အဆိုပါ နည်းလမ်း အသုံးပြုခြင်းသည် သင့်လျော်မှန်ကန်ပါသည်။

၂.၅ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများအကြား ဆက်နွယ်မှု

ပြီးခဲ့သည့်အခန်းငယ်များ (၂.၁-၂.၄) တွင် အပြည်ပြည်ဆိုင်ရာဥပဒေရှိ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်း (၄) ခုကို အဓိကထား လေ့လာထားသည်။ ၎င်းတို့မှာ စာသားအခြေပြု၊ နည်းစနစ်တကျအခြေပြု၊ ရည်ရွယ်ချက်အခြေပြုနှင့် သမိုင်းကြောင်းအခြေပြုနည်းလမ်းတို့ ဖြစ်သည်။ အဆိုပါနည်းလမ်းများကို လက်တွေ့ အမှန်အတကယ် အသုံးပြုခြင်း ရှိ မရှိကိုလည်း လေ့လာဆန်းစစ်ပါသည်။ ၎င်းနည်းလမ်းများကို အသုံးပြုခြင်းအတွက် အကြောင်းပြချက်ကောင်းများကိုလည်း စစ်ဆေးခဲ့သည်။ နည်းလမ်းအားလုံးသည် ဓလေ့ထုံးတမ်းနှင့် သက်ဆိုင်ပြီး နည်းလမ်းတိုင်းတွင် အားသာချက်များနှင့် အားနည်းချက်များရှိသည်။

အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများသည် ပြဿနာမှန်သမျှကို ပြေလည်စေနိုင်သော နည်းလမ်းမဟုတ်ပါ။ ၎င်းတို့သည် တရားဥပဒေပြုရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ တရားဝင်ခြင်းနှင့် အရည်အသွေးကို ထောက်ပံ့ပေးသည်သာမက တရားဥပဒေပြုရေးဆိုင်ရာဆုံးဖြတ်ချက်ချမှတ်မှုကိုလည်း အာမခံချက် ပေးမထားပါ (*supra* ၊ အခန်း ၅)။[၁၃၅၈] Jean-Marc Sorel နှင့် Valerie Bore-Eveno က သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာ ကွန်ဗင်းရှင်း၏ အပိုဒ် ၃၁ အပေါ် လေ့လာ ဆန်းစစ်မှုအား အောက်ပါအတိုင်း ဖော်ပြ၍ အဆုံးသတ်ထားပါသည်-

> အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု၏ မတူညီသောနည်းလမ်းများအကြား ထက်အောက်စဉ်စနစ်မရှိခြင်း၊ ပြုပြင်လွယ်မှု မရှိခြင်း နှင့် နည်းလမ်းများပေါင်းစပ်ရန် နည်းမျိုးစုံရှိခြင်းတို့ကြောင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် ရှုပ်ထွေးပြီး မရေမတွက်နိုင်သည့် ကွဲပြားခြားနားမှုများ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် ဥပဒေဆိုင်ရာ ဂုဏ်သိက္ခာရှိမှုတို့သည် အချိန်တိုင်း ဆန့်ကျင်ဘက်အဓိပ္ပာယ်ရှိသည်ဟု ထင်ရသော်လည်း အနက်အဓိပ္ပာယ်ဖွင့်ဆိုသူအတွက် လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်စွမ်းရှိပြီး စာသားများကို ကိုင်တွယ်အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဖန်တီးနိုင်စွမ်းကို ပြဿနိုင်မည့် အခွင့်အလမ်းများစွာ ရရှိသည်။[၁၃၅၉]

ဥပဒေနှင့် ကိုက်ညီမှု၍ ကြိုတင်ခန့်မှန်းနိုင်မှု၊ ရှင်းလင်းတိကျ၍ တသမတ်တည်းဖြစ်သည့် ဥပဒေပြုရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အာမခံချက်ကို မည်သည့်နည်းလမ်းမျှ မပေးနိုင်ဟု ဆိုခြင်းသည် အဆိုပါ နည်းလမ်းကို ပယ်ဖျက်သင့်သည်ဟု အဓိပ္ပာယ်မသက်ရောက်ပေ။ တရားရုံးများအပါအဝင် နိုင်ငံများသည် ကောင်းမွန်သည့် အကြောင်းရင်းများကြောင့် ၎င်းနည်းလမ်းများကို အသုံးပြုသင့်သည်။ အခြားတဖက်တွင်လည်း နည်းလမ်းများ အားလုံးတွင် ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများရှိသည်။ ထို့ကြောင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်းတစ်ခုတည်း အသုံးပြုခြင်းထက် နည်းလမ်းပေါင်းစုံကို တွဲဖက် အသုံးပြုရမည် ဖြစ်သည်။

[၁၃၅၈] Lauterpacht, 'Restrictive Interpretation and the Principle of Effectiveness in the Interpretation of Treaties' (n ၂၄၈) ၅၃.

[၁၃၅၉] Sorel and Boré- Eveno (n ၁၀၄၄) ၈၃၆.

ဤတွေ့ရှိချက်သည် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကျင့်သုံးပုံ၊ ပညာရပ်တို့နှင့် ကိုက်ညီပါသည်။ ပြည်တွင်းဥပဒေတွင် ဆုံးဖြတ်ချက်ချမှတ်သူများသည် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု နည်းလမ်း (၄) ခုစလုံးကို အသုံးပြုသင့်ကြောင်း Friedrich Karl von Savigny က ထုတ်ဆိုသည်။ သို့သော် အချို့ကိစ္စရပ်များတွင် နည်းလမ်းအားလုံးကို ဖော်ထုတ်ပြသရန် မလိုအပ်ပေ။[၁၃၆၀] နည်းလမ်းအားလုံးကို အသုံးပြုသင့်ကြောင်း အချက်ကို ဆွစ်ဇာလန်ဖက်ဒရယ်ခုံရုံး (Swiss Federal Tribunal) က ဖော်ထုတ်ပြသသည်။[၁၃၆၁] ထို့အတူပင် အပြည်ပြည်ဆိုင်ရာဥပဒေတွင် *Lanoux ရေကန်* အမှုရှိ ခုံသမာဓိများ၏ တွေ့ရှိချက်များအနက် တစ်ခုမှာ အပြည်ပြည်ဆိုင်ရာဥပဒေသည် 'တင်းကျပ်၍ တသမတ်တည်းရှိသော ပြုလွယ်ပြောင်းလွယ်မရသည့် အနက်အဓိပ္ပာယ်နည်းစနစ်အဖြစ် မသတ်မှတ်' ကြောင်းပင် ဖြစ်သည်။[၁၃၆၂] ဥပမာအနေဖြင့် သဘောတူစာချုပ်ဆိုင်ရာဥပဒေတွင် အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင်သည် သဘောတူစာချုပ်များဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို 'ပြင်းပြင်းထန်ထန်း စမ်းသပ်မှု' တစ်ခုအဖြစ် မှတ်ယူသည်။ ကွန်ဗင်းရှင်းရှိ နည်းလမ်းများအားလုံးသည် 'လွှင့်ပစ်သည် [.....], နှင့် ၎င်း နည်းလမ်းများအကြား အပြန်အလှန်အကျိုးပြုမှုသည် ဥပဒေကြောင်းအရ သင့်လျော်သည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို ပေး [လိမ့်] မည်'။[၁၃၆၃] အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်၏ သုံးသပ်ချက်မူကြမ်းများက နိုင်ငံ၏ ကျင့်သုံးပုံနှင့် ဥပဒေအမြင်သဘောထားဆိုင်ရာ အချက်နှင့် ပတ်သက်၍ ဖော်ပြသည်။ ၎င်းဖော်ပြချက်မှာ နိုင်ငံ၏ ကျင့်သုံးပုံနှင့် ဥပဒေအမြင်သဘောထားများကို သက်သေခံ အချက်အလက်မျိုးစုံအပေါ် မူတည်၍ သေသေချာချာ စနစ်တကျ လေ့လာစိစစ်ရမည် ဖြစ်သည်။[၁၃၆၄] ဓလေ့ထုံးတမ်းကို 'အသေးစိတ် နည်းစနစ်ကျသော ချဉ်းကပ်မှုမျိုးကို အခြေခံ၍' အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကြောင်း အာရှ-အာဖရိက ဥပဒအကြံပေး အဖွဲ့အစည်း (AALCO) က သတ်မှတ်သည်။[၁၃၆၅] အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုဘျ သဘောတရားများကိုလည်း တူညီသည့် မှတ်ချက်ပေးခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံဖက်ဒရယ်ခုံရုံး၏ 'လက်တွေ့ကျကျနည်းစနစ်ဆိုင်ရာဗဟုဝါဒ (pragmatic methodological pluralism)' (*supra*၊ အခန်း ၃၊ ၄.၂.၆)သည် အဆိုပါလိုအပ်ချက်များကို အတိုင်းအတာတစ်ခုအထိ ကိုက်ညီစေသည်။ ၎င်းအတိုင်းအတာအနေဖြင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းများအားလုံးအပေါ် အခြေခံ၍ တရားရုံးသည် အမှုတစ်ခုကို ပြည့်ပြည့်စုံစုံ လေ့လာဆန်းစစ်ရမည်ဖြစ်သည်။ သို့ရာတွင် တရားရုံးက ၎င်းအသုံးပြုမည့် နည်းလမ်းကို 'အမယ်တစ်ခု'[၁၃၆၆] အဖြစ် ရွေးချယ်၍ တရားရုံးဆုံးဖြတ်ချက်သည် လျှောက်လဲချက်များ၏ အစိတ်အပိုင်းတစ်ရပ်ကိုသာ ထင်ဟပ်စေပါက လိုအပ်ချက်ကို မကိုက်ညီစေပါ။[၁၃၆၇]

နိဂုံးသုံးသပ်ချက်

ဤအခန်းတွင် စာသားအခြေပြု၊ နည်းစနစ်တကျ၊ ရည်ရွယ်ချက်အခြေပြုနှင့် သမိုင်းကြောင်းအခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုများသည် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေနယ်ပယ်နှစ်ခုစလုံး တွင် အသုံးများသည့် အနက်

[၁၃၆၀] von Savigny (n ၇၆၁) ၂၁၅.

[၁၃၆၁] BGE ၁၄၂ V ၄၄၂, at ၅.၁.

[၁၃၆၂] Translated from French. See case concerning Lake Lanoux (Spain, France), award of ၁၆ November ၁၉၅၇, Recueil des sentences arbitrales des Nations Unies, Vol xii, ၂၈၁– ၃၁၇, at ၃၀၁, ၂.

[၁၃၆၃] ILC, 'Draft Articles on the Law of Treaties With Commentaries' (n ၇၈၃) ၂၂၀.

[၁၃၆၄] See especially draft conclusions ၃, ၆, ၇, and ၁၀, ILC, 'Draft Conclusions on Identification of Customary International Law, With Commentaries' (n ၈၉၁).

[၁၃၆၅] Sienho (n ၉၆၀) ၃၈၂. See also, concurring: Wood (n ၁၄) ၉.

[၁၃၆၆] Gardiner (n ၃၅၉) ၁၄၇.

[၁၃၆၇] For an example, see Marc- André Renold, 'An Important Swiss Decision Relating to the International Transfer of Cultural Goods: The Swiss Supreme Court's Decision on the Giant Antique Mogul Gold Coins' (၂၀၀၆) ၁၃ International Journal of Cultural Property ၃၆၁, ၃၆၈.

အဓိပ္ပာယ်ဖွင့်ဆိုသည့်နည်းလမ်းများ (ဓလေ့ထုံးတမ်းအဖြစ် အငြင်းပွားဖွယ်) ဖြစ်ကြောင်း စာရေးသူက အကျိုးအကြောင်းဖြင့် ဆွေးနွေးထားသည်။ သဘောတူစာချုပ်ဆိုင်ရာဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေကဲ့သို့ အပြည်ပြည်ဆိုင်ရာ ဥပဒေအရင်းအမြစ်များအားလုံးနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျသဘောတရားများကို အဆိုပါနည်းလမ်းများက အသုံးပြုသည်။ (အခြားအရာများအနက်) လက်ဝယ်ရှိ အရင်းအမြစ်နှင့် အထူးသဖြင့် အခြေခံ သာသာရပ်သဘောတရားအပေါ် အခြေခံ၍ တိကျသည့် ချိန်ညှိမှုများ လိုအပ်ပေလိမ့်မည်။

အပြည်ပြည်ဆိုင်ရာဥပဒေတွင် ဥပဒေပြုရေးဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုများ၏ တရားဥပဒေနှင့်အညီ ဖြစ်မှုကို အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းများက ထောက်ပံ့ပေးသည်။ အဆိုပါနည်းလမ်းများသည် ၎င်းတို့၏ အရည်အသွေးကိုလည်း ပိုမိုကောင်းမွန်စေသည်။ အဆိုပါရည်းမှန်းချက်ပန်းတိုင်နှစ်ခုကို နည်းလမ်းများက အောင်မြင်စွာရောက်ရှိခြင်း ရှိမရှိသည် တရားသူကြီးများက အဆိုပါနည်းလမ်းများကို အသုံးပြုပုံအပေါ် အလုံးစုံ မူတည်နေပါသည်။ ဥပဒေပြုရေးဆိုင်ရာ ကျိုးကြောင်းဆင်ခြင်မှု၏ တရားဝင်မှုနှင့် လျော်ညီမှု၊ အရည်အသွေးများသည် တစ်ခုနှင့် တစ်ခု ထပ်လျက်ရှိပြီး တစ်ခုအပေါ် တစ်ခု လွှမ်းမိုးမှုရှိသည့် လက္ခဏာ သွင်ပြင်နှစ်ရပ် ဖြစ်သည်။ အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းများ၏ ကြိုတင်ခန့်မှန်းနိုင်ပြီး ရှင်းလင်းတိကျ၍ တသမတ်တည်း ဖြစ်သည့်ချည်းကပ်မှုသည် ဥပဒေပြုရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို ခိုင်မာအားကောင်းစေပါသည်။ ထို့အပြင် ကြိုတင်ခန့်မှန်းမှု မပြုနိုင်ဘဲ မရှင်းလင်း၍ ရှေ့နောက်ညီညွတ်မှုမရှိသော နည်းလမ်းတစ်ခုသည် ဆိုးဝါးသည့် ဥပဒေပြုရေးဆိုင်ရာ ကျိုးကြောင်းဆီလျော်မှုနှင့် ဥပဒေကို လျစ်လျူပြုမှုတို့ကို ဖြစ်ပေါ်စေသည်ဟူသော အပြည်ပြည်ဆိုင်ရာ ဥပဒေအရင်းအမြစ်များနှင့် ကိုက်ညီမှုကိုလည်း ပို၍ သေချာစေလိမ့်မည်။

ကျန်ရှိသည့်အခန်းများတွင် ဆွစ်ဇာလန်နိုင်ငံတရားရုံးများသည် အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အရင်းအမြစ်များစွာမှ ထုတ်နှုတ်ယူခြင်းကို ပြသသည်။ အခန်း (၇) သည် သဘောတူစာချုပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုအကြောင်း သီးသန့်ဖော်ပြသည်။ အခန်း (၈) သည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျသဘောတရားများအကြောင်း ဆက်စပ် ဖော်ပြသည်။ နိဂုံးချုပ်တွင် ဤလေ့လာမှု တွေ့ရှိချက်များကို အနှစ်ချုပ်ပြီး ကျင့်သုံးပုံကို ပိုမိုကောင်းမွန်အောင် မည်သို့ပြုလုပ်ရမည်ကို အကြံပြုထားသည်။

အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များကို အလေးထားခြင်းဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေကို မည်သို့ အနက်အဓိပ္ပာယ်ဖွင့်ရမည်ကို သတ်မှတ်နိုင်မည့် ရှုထောင့်များကို လျစ်လျူရှုခြင်းအတွက် စာရေးသူ၏ လေ့လာဆန်းစစ်မှုကို ဝေဖန်ဆန်းစစ်သည်။ ထိုကဲ့သို့ ရှုထောင့်များ[၁၃၆၈] တွင် ဥပဒေကြောင့် အကျိုးသက်ရောက်မှု ရှိသူများနှင့် အကျိုးခံစားခွင့်ရှိသူများပါဝင်ပြီး အနက်အဓိပ္ပာယ်ဖွင့်ကို စောင့်ကြည့်စစ်ဆေးခြင်း သို့မဟုတ် ဆန်းစစ်ခြင်းအတွက် အဖွဲ့အစည်းဆိုင်ရာ စနစ်များလည်း ပါဝင်သည်။ ထို့အပြင် အရေးအကြီးဆုံးမှာ အခြေခံ အရင်းခံနယ်ပယ်အတွက် ဖြစ်သည်။[၁၃၆၉]

အဆိုပါရှုထောင့်များကို အပြည်ပြည်ဆိုင်ရာဥပဒေကို ပြည်တွင်း ဥပဒေပြုရေးဆိုင်ရာ ကျင့်သုံးမှုများကို နားလည်သဘောပေါက်ရန်နှင့် ဆန်းစစ်ရန် အတွက် သံသယမရှိဘဲ ထည့်သွင်းစဉ်းစားရာတွင် ထိုကဲ့သို့ ပြည့်စုံသည့်

[၁၃၆၈] A range of relevant features can be found in Besson and Ammann (n ၆၀).

[၁၃၆၉] ဆွစ်ဇာလန်နိုင်ငံ ဥပဒေပြုရေးဆိုင်ရာ ကျင့်သုံးပုံ ရှိ အရေးကြီးသော အရင်းခံနယ်ပယ်နှစ်ခုမှာ HER နှင့် လူသားများလွတ်လပ်စွာ သွားလာခွင့်ဆိုင်ရာ ဆွစ်ဇာလန်-ဥရောပ သဘောတူညီချက်တို့ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း။ see Odile Ammann, 'The European Court of Human Rights and Swiss Politics: How Does the Swiss Judge Fit In?' in Marlene Wind (ed), International Courts and Domestic Politics (Cambridge University Press ၂၀၁၈); Odile Ammann, 'La non-discrimination, principe charnière d'interprétation : l'exemple de l'art. ၂ ALCP' in Samantha Besson and Andreas R Ziegler (eds), Egalité et non- discrimination en droit international et européen / Equality and Non- Discrimination in International and European Law (Schulthess ၂၀၁၄).

လေ့လာမှုသည် ဤစာအုပ်ပါ အကြောင်းအရာနယ်ပယ်ထက်ကျော်လွန်ပါသည်။ တရားရုံးများအပါအဝင် နိုင်ငံများသည် နိုင်ငံများ၏ တမူထူးခြားသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု ကျင့်သုံးပုံကို အလေးထားရမည် ဖြစ်သည်။ အဆိုပါ ကျင့်သုံးပုံသည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ ထူးခြားသော အရင်းခံစနစ်များနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ နယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်လာသည်။ အဆိုပါ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုင်ရာ သက်ဆိုင်သည့် အချက်များကို အသေးစိတ် လေ့လာဆန်းစစ်မှုသည် ဤလေ့လာမှုနယ်ပယ်ကို သိသိသာသာပိုမိုကျယ်ပြန့်လာအောင် လုပ်ရန် လိုအပ်သည်။ စာရေးသူ၏ ရည်ရွယ်ချက်မှာ ဆွစ်ဇာလန်နိုင်ငံ၏ ဥပဒေပြုရေးဆိုင်ရာ ကျင့်သုံးပုံအပေါ် ပုံနှိပ်ဖတ်စာကဲ့သို့ လေ့လာဆန်းစစ်မှုပြုလုပ်လိုခြင်းမဟုတ်ပါ။ တရားရုံးများတွင် ကျင့်သုံပုံအမျိုးမျိုးကို ပုံမှန် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် အဆိုပါ ကျင့်သုံးပုံနှင့်သက်ဆိုင်သည့် စနစ်များအပေါ် အခြေပြု၍ လိုအပ်ချက်များ ပြည့်ပြည့်စုံစုံပါဝင်သည့် ကျင့်သုံးပုံဖြစ်စဉ်ကိုလည်း ဖော်ပြလိုခြင်း မဟုတ်ပါ။ ထို့အစား ဆွစ်ဇာလန်နိုင်ငံ ဥပဒေပြုရေးဆိုင်ရာ ကျင့်သုံးပုံ၏ တရားဥပဒေနှင့် ညီညွတ်မှု၊ အရည်အသွေးတို့ကို စာရေးသူက ခြုံငုံ လေ့လာသုံးသပ်ပါသည်။

နောက်ဆုံးအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ၊ ပြည်တွင်းဥပဒေနှင့် ဆွစ်တရားသူကြီးများ၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုများအား တရားဝင်ဖြစ်ခြင်းဆိုင်ရာ ယေဘုယျသီအိုရီကို ဖော်ထုတ်ခြင်းမဟုတ်ပါ (*supra* ၊ နိဒါန်း၊ အပိုင်း ၃ တွင် ကြည့်ပါ)။ သို့သော် ဤလေ့လာချက်ပါ စာရေးသူ အဓိပ္ပာယ်သတ်မှတ်ထားသည့် စံနှုန်းအခြေပြုကိစ္စအချို့သည် တရားဝင်ဖြစ်မှုအတွက် ကောင်းမွန်သည့် သီအိုရီဆိုင်ရာ သဘောတရားများဖြစ်နိုင်သည်။ အမှန်အားဖြင့် တရားသူကြီးများသည် အမှုကိစ္စများကို ကြားနာရာတွင် မည်သို့ ဆုံးဖြတ်သည်ဟူသည့် အမြင်ကို စာရေးသူက အထူးခုခံကာကွယ် ပြောဆိုရေးသားသည်။ အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျ သဘောတရားများ၊ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေနှင့် သဘောတူစာချုပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဆွစ်တရားသူကြီးများ အသုံးပြုသည့် နည်းလမ်းများကို စာရေးသူက လေ့လာဆန်းစစ်သည်။ ထို့အပြင် အပြည်ပြည် ဆိုင်ရာဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းများနှင့် ဤကျင့်သုံးပုံသည် ကိုက်ညီစေမည့် အတိုင်းအဆကိုလည်း စာရေးသူက တွက်ချက်ပါသည်။ ထို့နောက် ကြိုတင်ခန့်မှန်းနိုင်ပြီး ရှင်းလင်းတိကျမှုနှင့် ရှေ့နောက် ညီညွတ်မှု ဖြစ်စေရန်လည်း စဉ်းစားဆောင်ရွက်သည်။